# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို အားပေးမြှင့်တင်နေခြင်းဖြစ်

## ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စားသုံးမှုနှင့်ထုတ်လုပ်မှုများ မျှတမှုရှိစေရေးအတွက် ဆောင်ရွက်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသထွက် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား လားရှိုးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ် စ ရာ**

**၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်အား ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းသည့်ကိစ္စဆိုင်ရာ ရှင်းလင်းချက်**

ပြည်တွင်းသတင်း စာ ၂



**သီးသန့်အနားယူနိုင်မည့် ခရီးသွားစခန်းအသစ် ဖော်ထုတ်နေသည့် ငပလီကမ်းခြေမှ အဘဲရှာ**

ရွှေနိုင်ငံ မြင်ကွင်းကျယ် စာ ၁၈

## ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းဆောင်ရွက်

ခရီးသွားလုပ်ငန်းသည် MSME စီးပွားရေးလုပ်ငန်းများအနက် ဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသအလိုက် ထူးခြားသောဝိသေသလက္ခဏာများဖြင့် မတူကွဲပြားစွာပိုင်ဆိုင်ထားကြသည့် ခရီးသွားဆွဲဆောင်မှုများကို ဖော်ထုတ်အသုံးချနိုင်ရန်လိုအပ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသည် လှပသော ရေ မြေ သဘာဝပတ်ဝန်းကျင်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင်နေရာများ၊ တိုင်းရင်းသားလူမျိုးစုံတို့၏ ရိုးရာဓလေ့ထုံးတမ်းများ စသည်တို့ကို မြောက်မြားစွာပိုင်ဆိုင်ထားပြီး အများစုမှာ ဖော်ထုတ်အသုံးမချနိုင်သေးသည့် ရတနာသိုက်သဖွယ် တည်ရှိနေခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာတွင် "ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် သဘာဝရေမြေတောတောင် အလှအပများနှင့် အရင်းအမြစ်များစွာ ရှိပြီးဖြစ်သည့်ဒေသဖြစ်ကြောင်း၊ ဂုတ်ထိပ်တံတားနှင့် တောတောင်ရေမြေ သဘာဝအလှများသည် ခရီးသွားများကို ဆွဲဆောင်နေသည့်နေရာ တစ်ခုဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ပြီး မျက်စိပသာဒဖြစ်ဖွယ် ရှိစေရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားမည်ဆိုပါက ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင်"ဒေသထွက်အစားအစာများ အရည်အသွေးကောင်းမွန်ရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေးများကို ကောင်းမွန်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သည့်ဝန်ဆောင်မှုကိုပေးနိုင်မှသာလျှင် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်းသို့ ခရီးသွားများလာရောက်ခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း" ကိုလည်း အကြံပြုဆွေးနွေးခဲ့သည်။

ခရီးသွားလုပ်ငန်းသည် အောင်မြင်မှုရရှိပါက အကျိုးဖြစ်ထွန်းမှုအနေဖြင့်လည်း ကြီးကြီးမားမားရရှိနိုင်သည်။ ခရီးသွားလုပ်ငန်းရေရှည်အောင်မြင်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ဟိုတယ်နှင့် တည်းခိုနေရာများ၊ လျှပ်စစ်နှင့် အင်တာနက်ဆက်သွယ်မှုများ၊ ငွေကြေးနှင့် ဘဏ်စနစ်များ အဆင့်မြင့်ကောင်းမွန်ရန်လိုအပ်သည်။ လေဆိပ်များကိုလည်း နိုင်ငံတကာအဆင့်မီအောင် မြှင့်တင်ပေးရန်နှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းကိုအသုံးပြုကာ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ခြင်း၊ ခရီးသွားများအတွက် လိုအပ်သော သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများပေးခြင်းတို့ကို လွယ်လွယ်ကူကူ၊ လျင်လျင်မြန်မြန် ဆောင်ရွက်ပေးနိုင်ရန်လည်း ဆောင်ရွက်ထားရမည် ဖြစ်သည်။

ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ပို့ဆောင်ဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် လားရှိုးလေဆိပ်၊ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်း၊ လားရှိုး-မန္တလေး ရထားလမ်း ပြန်လည်ပြေးဆွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ဆက်လက်၍ ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှုတို့ ပိုမိုလျင်မြန်ချောမွေ့လာမည်ဖြစ်သလို ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူလျင်မြန်လာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သကဲ့သို့ ဒေသ၏ခရီးသွားလုပ်ငန်း အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အထက်ဖော်ပြပါ ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအတွက် လုပ်ငန်းများကို အောင်အောင်မြင်မြင်လုပ်ကိုင်နိုင်ရန် အရေးကြီးဆုံးလိုအပ်ချက်မှာ ဒေသတည်ငြိမ်အေးချမ်းရေးပင်ဖြစ်ရာ မိမိနှင့်တကွ မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် အားလုံးညီညာ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



# ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်အား ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းသည့်ကိစ္စဆိုင်ရာ ရှင်းလင်းချက်

အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၃၁)အရ အာဆီယံဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်နိုင်ငံများ၏ အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအမည် အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အလှည့်ကျ တာဝန်ယူထမ်းဆောင်ရမည်ဟု ဖော်ပြထားပါသည်။ အဆိုပါမူအရ မြန်မာနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အလှည့်ကျဥက္ကဋ္ဌတာဝန်ရယူရန်အတွက် အချိန်အနည်းဆုံး(၂)နှစ် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့်ကိစ္စနှင့် ပတ်သက်၍ လက်ရှိအချိန်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်ကို တည်ဆောက်နေသည့် ကာလဖြစ်သဖြင့် **၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူရန် အဆင်ပြေမှုရှိ-မရှိကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးထံသို့ မြန်မာဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာပေးပို့၍ သဘောထားမေးမြန်းခဲ့ပါသည်။ အဆိုပါကိစ္စကို မြန်မာက ၂၀၂၃ ခုနှစ်၏ အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသို့လည်း အသိပေးထားပြီးဖြစ်ပါသည်။**

ဖိလစ်ပိုင်နိုင်ငံကလည်း ၂၀၂၆ ခုနှစ်တွင် ၎င်းမှ အာဆီယံဥက္ကဋ္ဌတာဝန်ယူရန် အဆင်ပြေပါကြောင်းနှင့် လက်ရှိအာဆီယံဥက္ကဋ္ဌနှင့် ကျန်အဖွဲ့ဝင်များကို အသိပေးပြောကြားသွားမည်ဖြစ်ကြောင်း တရားဝင် အကြောင်းပြန်ကြားမှုပြုခဲ့ပါသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးထံလိပ်မူ၍ ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၂၇ ခုနှစ်အစား ၂၀၂၆ ခုနှစ်တွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ အာဆီယံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုရရှိမည်ဟု မျှော်လင့်ပါကြောင်း စာပေးပို့ခဲ့ပါသည်။

(၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်ကို ထုတ်ပြန်ခဲ့ပြီး **ယင်းထုတ်ပြန်ချက်၏ စာပိုဒ်(၁၅)တွင် "၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံမှတာဝန်ယူရန် ဆုံးဖြတ်ခဲ့ကြပြီး၊ အခြားဆုံးဖြတ်ချက်တစ်ရပ် မထွက်ပေါ်မီအချိန်အထိ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌဇယားကို အက္ခရာစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်"** ဟု ဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။

ထိုပြင် အချို့သောနိုင်ငံတကာသတင်းမီဒီယာများ၏ ဖော်ပြချက်များ၌လည်း ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်နှင့်ပတ်သက်၍ ဖော်ပြချက်များသည် ၎င်းတို့လိုလားသည့်ပုံစံများဖြင့် အဓိပ္ပာယ်လွဲမှားစွာ ဖော်ပြနေသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ယူမှုနှင့်ပတ်သက်၍ သမိုင်းကြောင်း ပြန်ကြည့်ရပါက အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၃၁)အရ အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၀၆ ခုနှစ်တွင် တာဝန်ယူရမည်ဖြစ်ပါသည်။ သို့သော် ထိုအချိန်အခါက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီသို့ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိသည့်အတွက်လည်းကောင်း၊ အာဆီယံအဖွဲ့၏ ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရန်အတွက် ရှေးရှု၍လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူမည့် အခွင့်အရေးကို အနစ်နာခံစွန့်လွှတ်ခဲ့ပါသည်။ ထို့နောက် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၆ ခုနှစ်တွင် တာဝန်ယူရမည့် အလှည့်ကိုလည်း မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှားနှင့် လာအိုနိုင်ငံတို့နှင့် ညှိနှိုင်းသဘောတူညီချက်အရ ၂၀၁၄ ခုနှစ်တွင် တာဝန်လွှဲပြောင်းယူခဲ့သည့် သာဓကများရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံက မိမိနိုင်ငံ၏ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှိ၍ ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံသို့ သဘောထားမေးမြန်း ညှိနှိုင်းမှုပြုလုပ်ခဲ့ပြီး အခြားအဖွဲ့ဝင်နိုင်ငံများသို့ချပြအသိပေးခြင်း၊ သဘောတူညီမှုရှိခြင်းများဖြင့် လွှဲပြောင်းခဲ့ခြင်းဖြစ်ပါကြောင်း သိသာနိုင်ပါရန် ရှင်းလင်းဖော်ပြအပ်ပါသည်။

| Year | Chair |
|---|---|
| 2020 | Vietnam |
| 2019 | Thailand |
| 2018 | Singapore |
| 2017 | Philippines |
| 2016 | Lao PDR |
| 2015 | Malaysia |
| 2014 | Myanmar |
| 2013 | Brunei |
| 2012 | Cambodia |
| 2011 | Indonesia |
| 2010 | Vietnam |
| 2009 | Thailand |
| 2008 | Thailand |
| 2007 | Singapore |
| 2006 | Philippines |
| 2005 | Malaysia |
| 2004 | Lao PDR |
| 2003 | Indonesia |
| 2002 | Cambodia |
| 2001 | Brunei Darussalam |
| 2000 | Singapore |
| 1999 | Philippines |
| 1998 | Vietnam |
| 1997 | Malaysia |
| 1996 | Indonesia |
| 1995 | Thailand |
| 1992 | Singapore |
| 1987 | Philippines |
| 1977 | Malaysia |
| 1976 | Indonesia |

## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား နှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့လယ်ကျောင်းတိုက်သို့ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသွားရောက်၍ ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**❖ မိမိတို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် ဆောင်ရွက်ရမည်၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံ၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်**

◆ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ နယ်မြေဒေသအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ One Region One Product လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း လမ်း၊ တံတားများအား ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိမှု၊ ဆည်နှင့်ကန်များတည်ရှိမှုနှင့် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍများမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုစေမည့် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် မတည်ထောက်ပံ့ငွေများကို ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ထုတ်ချေးပေးထားလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ပြည်နယ်အတွင်း စက်မှုဇုန်များနှင့် စက်မှုရပ်ကွက်များ တည်ထောင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်ပသို့ ပို့ကုန်များ တင်ပို့ဆောင်ရွက်နိုင်မှု၊ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိမှုနှင့် MSME ပြပွဲများ ပြုလုပ်ဆောင်ရွက်မှု၊ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်နှင့်ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ပေးထားရှိမှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မြင့်ထွေး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဇော်၊ လက်ဖက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ မြန်မာနိုင်ငံကော်ဖီအသင်းအဖွဲ့ဝင် ဦးအောင်လှိုင်ဖြိုးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှထွက်ရှိသည့် ဒေသထုတ်ကုန်များအား အဆင့်မြင့်ထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုများတွင် လွယ်ကူလျင်မြန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်ဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှု၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဒေသတွင်း ထွက်ရှိသည့် လက်ဖက်ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်စေရေးနှင့် ဈေးကောင်းရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ နောင်ချိုဒေသ၏ အဓိက စိုက်ပျိုးသီးနှံဖြစ်သည့် ကော်ဖီသီးနှံ စိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရင်းနှီးမတည်ချေးငွေများ ထုတ်ချေးပေးလျက်ရှိမှု၊ အခြားလိုအပ်သည်များကို အားပေးဆောင်ရွက်လျက်ရှိမှု၊ ဆန်၊ ဆီနှင့် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူအားလုံးကလည်း အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ဒေသများရှိ ဦးစီးဌာနများမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်သွင်းအားစုများ၊ နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ သစ်အချောထည်ပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့လိုခြင်းအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်သွားရန်လိုအပ်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်နိုင်မည့် အရင်းအမြစ်များစွာရှိသည့်အတွက် ပြည်တွင်းလိုအပ်ချက်ပြည့်မီနိုင်ရေး တိုးမြှင့်ထုတ်လုပ်သွားရန် လိုအပ်မှု၊ နိုင်ငံတကာကုန်သွယ်မှုစနစ်များ တိုးတက်မြင့်မားလာမှု၊ နယ်စပ်ကုန်သွယ်မှုများ လျင်မြန်ချောမွေ့စေရေးအတွက် ယွမ်-ကျပ် ကုန်သွယ်မှုများကို ခွင့်ပြုဆောင်ရွက်ပေးထားရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ပို့ကုန်ပစ္စည်းများ တင်ပို့ရာတွင်လည်း တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး QR Code စနစ်ဖြင့် လိုင်စင်များ ထုတ်ပေးလျက်ရှိပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စေရေး စိစစ်ဆောင်ရွက်လျက်ရှိသဖြင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ရန်လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြဲမပြတ် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ယနေ့ အခမ်းအနားတွင် ပါဝင်သည့် တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်သွားရန် လိုအပ်သည်များကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

### MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် (၂၃) ကြိမ်မြောက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံ၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသထွက်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

### နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုတို့ကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

လာမည့် အောက်တိုဘာလ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုမှု (၈) နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ယခုနှစ်တွင် အဆိုပါအခမ်းအနားကို အဓိပ္ပာယ်လေးနက်စွာဖြင့် ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းကို သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရသဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် နိုင်ငံရေးစနစ်များ တူညီမှုမရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒ ကွဲပြားမှုများကြောင့် ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ပြီး စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကို ဒီမိုကရေစီတောင်းဆိုသည့် ဖြစ်စဉ်တစ်ခုအဖြစ်သာ ယေဘုယျသဘောထားကြသော်လည်း ၎င်းနောက်ကွယ်၌ ဖြစ်ပွားရသည့် အကြောင်းရင်းများစွာရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ ဆိုရှယ်လစ်စနစ်ကို မကြိုက်နှစ်သက်ခြင်းကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့ကြကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အချေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

မိမိတို့နိုင်ငံတွင် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်)သည် ပြည်သူလူထုတစ်ရပ်လုံး မဲပေးအတည်ပြုခဲ့သည့် ဥပဒေမဟုတ်ဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က အချို့သော ပညာရှင်များ၏ အကြံဉာဏ်များရယူကာ ရေးဆွဲအတည်ပြုခဲ့သည့် ဥပဒေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)သည် မူကြမ်း သုံးကြိမ်အထိ ရေးဆွဲ၍ ပြည်သူလူထုအား ချပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) သည်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေ့လာကြည့်ပါက ဖက်ဒရယ်ဟု တိုက်ရိုက်သုံးစွဲထားခြင်းမရှိသော်လည်း အာဏာကို ခွဲဝေကျင့်သုံးသည့် ဖက်ဒရယ်၏ လုပ်ထုံးလုပ်နည်းများပါပြီးဖြစ်သည်ကို လေ့လာသိရှိနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျေးလက်ကိုအခြေခံပြီး ကျေးလက်ကိုပေါင်းစည်း၍ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖြစ်လာပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုဖြစ်လာကြောင်း၊ ထိုအတွင်းမှ တူညီသည့် တိုင်းရင်းသားများပြားသည့်ဒေသများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

ယခုအခါတွင် မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာလက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့်စာချုပ်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် **အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် (၈) နှစ်မြောက် NCA နှစ်ပတ်လည်နေ့အခမ်းအနားကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်**ပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ

တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မရရအောင် ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် အနိုင်ရပါတီများ အစိုးရဖွဲ့နိုင်ရေး တပ်မတော်အနေဖြင့် လက်တွဲညီညီ အပြည့်အဝပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နောက်ပိုင်းတွင် နိုင်ငံရေးအရအသုံးချ၍ မရိုးမသားဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ အုပ်ချုပ်ရေးပိုင်း၊ စီးပွားရေးပိုင်းတို့တွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့ပြီး ယဉ်ကျေးမှုပိုင်းဆိုင်ရာတွင်လည်း မြန်မာ့ထုံးတမ်းစဉ်လာနှင့် မကိုက်ညီသည့်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ကာ စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်မှုများအရ ထောက်ခံမှုများ ကျဆင်းလာခဲ့ရာ ရွေးကောက်ပွဲတွင် မရိုးမသားသည့် နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကိုဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို ဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ၍ ရွေးကောက်ပွဲကို အစောဆုံးကာလတွင် ပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်း အားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။ *စာမျက်နှာ ၅ သို့*

- **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်သွားမည်**
- **လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် (၈)နှစ်မြောက် NCA နှစ်ပတ်လည်နေ့အခမ်းအနားကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်**

*စာမျက်နှာ ၄ မှ*

### ဒေသတစ်ခုချင်းစီအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်မည်

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက် အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အခြားတိုင်းပြည်များထက် တိုးတက်မှုနှုန်း နည်းပါးသည်ကို တွေ့ရကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်မှုနည်းပါးခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP များတိုးတက်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို မိမိတို့အနေဖြင့် အားပေးမြှင့်တင်နေခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး စားသုံးမှုနှင့်ထုတ်လုပ်မှုများ မျှတမှုရှိစေရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စားသုံးဆီဈေးနှုန်းများ ကြီးမြင့်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကြပ်မတ်စီမံဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသားများ၏ မတော်လောဘစိတ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုက်သင့်သည့်ဈေးထက် မြင့်မားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ထိုက်သင့်သည့်အရေးယူမှုများကို ဆောင်ရွက်ခဲ့သဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုမှ အေးခဲအသားများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် အစာကုန်ကြမ်းများကိုလည်း ဒေသတွင်း၌ရရှိနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ဦးချင်းစီးပွားရေးတိုးတက်မှုမှ ဒေသစီးပွားရေး တိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသတွင် အောင်မြင်ဖြစ်ထွန်းသည့် ကော်ဖီနှင့်လက်ဖက်များကို အဓိကစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ကော်ဖီနှင့်လက်ဖက်သည် နိုင်ငံတကာဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နည်းစနစ်ကျနပြီး အရည်အသွေးပြည့်မီသည့် ကော်ဖီနှင့် လက်ဖက်ထုတ်ကုန် ထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ကျွမ်းကျင်လုပ်သား လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ မြင့်မားစေရေး ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ထူးချွန်သူများကို တက္ကသိုလ်၊ ကောလိပ်များ၌ ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်မှုရှိမှသာ လျှင်လည်း ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ပို့ဆောင်ဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် လားရှိုးလေဆိပ်၊ လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လားရှိုး-မန္တလေး ရထားလမ်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ လားရှိုး-မူဆယ်၊ လားရှိုး-ချင်းရွှေဟော်ရထားလမ်းဖောက်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကားလမ်းကိုလည်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကူးလူးဆက်သွယ်သွားလာမှုများ အဆင်ပြေချောမွေ့လာမည်ဆိုပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် သဘာဝရေမြေတောတောင်အလှအပများနှင့် အရင်းအမြစ်များစွာရှိပြီးဖြစ်သည့် ဒေသဖြစ်ကြောင်း၊ ဂုတ်ထိပ်တံတားနှင့် တောတောင်ရေမြေသဘာဝအလှများသည် ခရီးသွားများကို ဆွဲဆောင်နေသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ပြီး မျက်စိပသာဒဖြစ်ဖွယ်ရှိစေရေးအတွက် အားလုံး ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်အစားအစာများ အရည်အသွေးကောင်းမွန်ရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေးများကို ကောင်းမွန်အောင် ဆောင်ရွက်ပြီး ကောင်းမွန်သည့် ဝန်ဆောင်မှုကို ပေးနိုင်မှသာလျှင် ပြည်တွင်းပြည်ပ ခရီးသွားများကိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်းသို့ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည့်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသည်နှင့်အညီ ဥပဒေပညာနှင့်ပတ်သက်၍ သိရှိနားလည်ရန် လိုအပ်သဖြင့် တက္ကသိုလ်များ၌ ဥပဒေဘာသာရပ်များနှင့် စီးပွားရေးဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ ပညာရပ်များနှင့်ပတ်သက်၍ ပြန်လည်မျှဝေပေးမည်ဆိုပါက အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့လာရောက်တွေ့ဆုံချိန်တွင် ပြည်ထောင်စုဝန်ကြီးများအနေဖြင့် ထိုက်သင့်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်ပေးသကဲ့သို့ မိမိအနေဖြင့်လည်း နိုင်ငံ့အရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ မိမိတို့ဆွေးနွေးပြောကြားခဲ့သည့် အကြောင်းအရာများကို ပြန်လည်တွေးခေါ်သုံးသပ်၍ မိမိတို့ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

### ဒေသထုတ်ကုန်ပစ္စည်းခင်းကျင်းထားရှိမှုအား ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

### လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

ထို့အပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ရေရှည်ကို မျှော်တွေးကာ ယခုကဲ့သို့ လေယာဉ်ပြေးလမ်းအား ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် ပြေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကသာခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး အောင်လှိုင်မြင့်၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူး သိန်းထိုက်စိုး ဦးစီးသောတပ်ဖွဲ့ဝင် ရှစ်ဦး စက်တင်ဘာ ၉ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်ကာ မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် တိုက်နယ်ဆေးရုံများ သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပြီး စက်တင်ဘာ ၉ ရက်က ဝေါမြို့ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ စိုးမိုး(ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာခြင်းမှသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဖွံ့ဖြိုးတိုးတက်လာစေရေး အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်၌ တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်လာခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံ့လူမှုစီးပွားတိုးတက်လာမည်ဆိုပါက နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေကြသည့်ဝန်ထမ်းများ၏ ခံစားခွင့်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်တိုးတက်လာမည် ဖြစ်သဖြင့် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဒေသအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး အတူတကွဝိုင်းဝန်းကြိုးပမ်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။


## ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ခေတ်အဆက်ဆက် အမျိုးသားရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခဲ့ရပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားလိုကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက်၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုလက်ထက်များတွင် နှစ်စဉ်အထိမ်းအမှတ်နေ့များ၌ ဦးတည်ချက်များ၊ တပ်မတော်နေ့ဦးတည်ချက်များ ချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးယခင်အစိုးရများလက်ထက်ကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့်ပတ်သက်၍ ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း ၎င်းတို့ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ၎င်းတို့၏မူဝါဒများကို ရွေးကောက်ပွဲအကြိုကာလတွင် မဲဆန္ဒရှင်များအား ချပြစည်းရုံးဆောင်ရွက်ကြရကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့်ပါတီသည် အစိုးရအဖွဲ့ကိုဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် မူဝါဒများကို ချမှတ်၍ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊

စာမျက်နှာ ၇ သို့

❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဒေသအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ အားလုံးအတူတကွဝိုင်းဝန်းကြိုးပမ်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်

❖ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်မြေခံတပ်များအနေဖြင့် နယ်မြေခံပြည်သူလူထုနှင့် တစ်သားတည်းရှိပြီးဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်ရသည့်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူများအား ကျန်းမာရေးအခြေအနေများ မေးမြန်းအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

၎င်းတို့၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ ၎င်းတို့အစိုးရသက်တမ်းကုန်ဆုံး ချိန်တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ၌မဲရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ဥပဒေနှင့်အညီ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ စတင်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကိစ္စနှင့် ပတ်သက်သည့် ဦးတည်ချက်များ၊ ကိုဗစ် - ၁၉ ရောဂါနှင့် ပတ်သက်သည့် ဦးတည်ချက်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ဦးတည်ချက်များ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဦးတည်ချက်များ၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဦးတည်ချက်များ စသည်ဖြင့် ဦးတည်ချက်များကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ဦးတည်ချက်များ ချမှတ်၍ ဆောင်ရွက်ခဲ့သဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံအနေဖြင့် ထိုက်သင့်သလောက် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် အရေးယူ ပိတ်ဆို့မှုများရှိခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ဘဏ်များပြိုလဲစေရေးအတွက် အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဘဏ်များပြိုလဲသွားပါက နိုင်ငံစီးပွားကိုထိခိုက်ပျက်စီးစေမည်ဖြစ်သောကြောင့် ငွေကြေးဖောင်းပွမှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

မိမိတို့တာဝန်မယူမီကာလအတွင်း နိုင်ငံ၏စီးပွားရေးမှာ အနုတ် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်မှစတင်၍ ပိတ်ဆို့မှုများကြားမှ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ထပ်မံ၍လည်းတိုးတက်မှုရှိမည်ဟု ခန့်မှန်းကြောင်း၊ နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်လာခြင်းကြောင့် နိုင်ငံ့စီးပွားရေးမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်ရခြင်းမှာ နိုင်ငံတကာမှ ပိတ်ဆို့မှုများနှင့် ဝိသမလောဘသားအချို့၏ ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာကြည့်၍ လုပ်ဆောင်မှုများကြောင့်ဖြစ်သည်ကိုတွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်နေသူများကို ထိုက်သင့်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့သဖြင့် ယခုအခါ ကုန်ဈေးနှုန်းမှာ ကျဆင်းလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေချိန်၌ အဖျက်လုပ်ငန်းများဆောင်ရွက်နေသူများလည်းရှိကြောင်း၊ တစ်ဖက်မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ယိမ်းယိုင်မှုမရှိစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များ အောင်မြင်စေရေး တပ်မတော်သားများအနေဖြင့်လည်း အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရန် ဆောင်ရွက်ရာတွင် မဲစာရင်းများမှန်ကန်မှုရှိအောင်နှင့် ဆန္ဒမဲပေးခွင့်ရှိသူ အားလုံးမဲပေးခွင့်ရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ မဲစာရင်းများ ထွက်ပေါ်လာမည်ဖြစ်ပြီး သန်းခေါင်စာရင်းများ ကောက်ယူပြီးစီးပါက ရွေးကောက်ပွဲကိုကျင်းပနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ပြုလုပ်သည့် ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတပြီး စနစ်တကျရှိသည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ပြည်သူအားလုံးပါဝင်သည့်၊ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ သန်းခေါင်စာရင်းများ ကောက်ယူပြီးပါက ရွေးကောက်ပွဲကို အဆောလျင်ဆုံးကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းများ အောင်မြင်စွာကောက်ယူနိုင်ရေး တပ်မတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး နယ်မြေစိုးမိုးရေး၊ နယ်မြေစည်းရုံးရေးအတွက် ဆောင်ရွက်နေရန်လိုကြောင်း။

## မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်မြေခံတပ်များအနေဖြင့် နယ်မြေခံပြည်သူလူထုနှင့် တစ်သားတည်းရှိပြီးဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုများအဆင်ပြေချောမွေ့စေရေးအတွက် ကားလမ်းများ၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ မှီခိုသူ ရဲမေများအားလုံး စာတတ်မြောက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ “အ” သုံးလုံးသင်တန်းများကို ဖွင့်လှစ်သင်ကြား၍ စာဖတ်တတ်သူများ ဖြစ်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လားရှိုးမြို့တွင် စိုက်ပျိုးမွေးမြူရေးကောလိပ်ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူလူထု၏ ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်မတော်သား သားသမီးများ၏ ပညာရည်မြင့်မားရေးကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သင်ကြားထားသည့် ပညာများကိုအသုံးချ၍ တစ်ဦးချင်း၏ ဘဝတိုးတက်စေရေးဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

## စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်သားကောင်းများဖြစ်စေရေးနှင့် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိစေရေး

မိမိတို့တပ်မတော်၏ ပင်မလုပ်ငန်းတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး တစ်ဦးချင်း၏ ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်နေရန်လိုကြောင်း၊ တစ်ဦးချင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အလေ့အကျင့်ဖြစ်အောင် နေ့စဉ်လေ့ကျင့်ဆောင်ရွက်နေရန်နှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက တပ်မတော်သားကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သည် အစုအဖွဲ့ဖြင့် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပြီး အခြေခံအကျဆုံးအဆင့်မှစ၍ စစ်ပညာများကို တတ်မြောက်ကျွမ်းကျင်ထားရန် လိုကြောင်း၊ သက်ဆိုင်ရာလက်ရုံးတပ်ဖွဲ့အလိုက် သက်ဆိုင်ရာ ပညာရပ်များအားလုံးကိုလည်း တတ်ကျွမ်းအောင် သင်ကြားထားရန်လိုကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး မိမိတို့တာဝန်များကိုအလေးထား လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုရှိစေမည် ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန် လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်၍လည်း နေ့စဉ်ဆောင်ရွက်ရမည့် အားကစားများကို ဆောင်ရွက်နေရန်လိုကြောင်း၊ အားကစားများလုပ်ဆောင်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုများကိုရရှိစေသဖြင့် ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ ရဲမေများအနေဖြင့်လည်း ကျန်းမာရေးအထောက်အကူပြု အားကစားများ လုပ်ဆောင်စေလိုကြောင်း၊ ကျန်းမာရေးကိုအထောက်အကူပြုစေမည့် အားကစားများပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာများ ကြံ့ခိုင်မှုရှိစေမည်ဖြစ်သဖြင့် စနစ်တကျဖြင့် နေထိုင်သွားကြရန်လိုအပ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်း၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု (၁၂) စုမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များ၊ MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မြစ်ကြီးနား စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများကို တွေ့ဆုံအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီးအတွင်း ဆေးဝါးကုသမှုခံယူနေသောလူနာများကို ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် အာဟာရဖြစ် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြပြီး ဆေးရုံအတွက် ဆေးပဒေသာပင်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု (၁၂) စုမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များနှင့် တွေ့ဆုံသည်။

**တိုင်းရင်းသားအားလုံးပါဝင်ကြရန်**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများ အားလုံးအတွက် တိုင်းပြည်သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အဓိကဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တွင် မိမိတို့တိုင်းရင်းသားအားလုံးပါဝင်ကြရန် အလေးအနက်ထားတိုက်တွန်းလိုကြောင်း၊ ထို့အပြင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း မိမိတို့တစ်ဦးချင်းစီက ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စာပေနှင့် ယဉ်ကျေးမှုအသင်းများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုင်းရင်းသားအခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ဝန်ကြီးဌာန၏တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တက်ရောက်လာကြသည့် ကချင်မျိုးနွယ်စု (၆)မျိုး၊ ရှမ်းမျိုးနွယ်စု(၅)မျိုးနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုတို့မှ စာပေနှင့်ယဉ်ကျေးမှုအသင်း/အဖွဲ့များနှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း၊ ကချင်ပြည်နယ်ရှမ်းမျိုးနွယ်စုများ စာပေနှင့် ယဉ်ကျေးမှုအသင်းတို့အတွက် ထောက်ပံ့ငွေကျပ် ၂၈ သိန်းနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကိုယ်စား မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းရင်းသားမျိုးနွယ်စုများအလိုက် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဒေသတွင်း အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

**နည်းပညာအကူအညီများပေးနိုင်ရေး**

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူရေးတောင်သူများက လုပ်ငန်းများအတွက် ချေးငွေရရှိရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ပြည်ပတင်ပို့ရာတွင် လိုအပ်သည့် နည်းပညာအကူအညီများပေးနိုင်ရေး၊ စိုက်ပျိုးရေးထုတ်ကုန်များဈေးကွက်ဖော်ဆောင်ပေးရေး၊ လျှပ်စစ်မီးအလုံအလောက်ရရှိရေး၊ လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်၊ အခက်အခဲများ၊ ပူးပေါင်းချိတ်ဆက်ပေးလိုသည့် ကိစ္စရပ်များကို တင်ပြကြရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကဏ္ဍအလိုက် လိုက်နာဆောင်ရွက်သွားရမည့်လုပ်ထုံးလုပ်နည်းများ၊ ပံ့ပိုးကူညီပေးနိုင်သည့်ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံ

**လွိုင်ကော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းသည် ယနေ့နံနက်ပိုင်းက ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တာဝန်ရှိသူများနှင့်အတူ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံ သည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပသည့် ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားသည်။

**ဆန်၊ ဆီများထောက်ပံ့ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအား သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးတို့က ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပြည်သူ့ဆေးရုံကြီးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်က အစာအိမ်နှင့် အူလမ်းကြောင်း ကြည့်မှန်ပြောင်းမော်နီတာ Medical Grade SONY (LMD-2435MD) စက်ပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းကြပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိလူနာဆောင်များအား လှည့်လည်ကြည့်ရှုကာ လူနာများကို အားပေးစကား ပြောကြား၍ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ယာယီနေရပ်စွန့်ခွာ မီးဖွားလူနာအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ပညာရေးမှူးက ပြည်နယ်အတွင်း ပညာရေးဆိုင်ရာ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပြည်နယ်အတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်ပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသား ကျောင်းသူများ လူငယ်များ ဖြစ်စေရေးအတွက် သင်ကြားပေးကြရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့်ခွန်စံလွင် မိုးစပါးစိုက်တောင်သူများအား မြေသြဇာထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မိုးစပါးစိုက်တောင်သူများအား မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။**

**ဘားအံ စက်တင်ဘာ ၉**

သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် မိုးစပါးစိုက်တောင်သူများအား မြေသြဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ထောင်ဝိကျေးရွာ တောင်သူ ဦးဝင်းတင်၏ မိုးစပါး ၅ ဧက စိုက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စားရေရိက္ခာဖူလုံမှသာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးသာယာဝပြောလာမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရန် အတွက် လယ်ယာမြေများကို လုပ်မြေမထားဘဲ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ သီးနှံထုတ်လုပ်မှုမြင့်မားစေရေး၊ ဝင်ငွေတိုးတက်စေရေး၊ ဈေးကွက်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရေးအတွက် သီးနှံအမယ်စုံ စိုက်ပျိုးကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးကို အခြေခံသည့်စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်အတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းပြီး ဈေးကွက်အလားအလာရှိသည့် သီးနှံများကို နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးနိုင်အောင်ကြိုးစားကြစေလိုကြောင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို အချိုးကျသုံးစွဲတတ်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးကြရန်လိုကြောင်း၊ အပင်အတွက် လိုအပ်သည့် အာဟာရဓာတ်ကို အချိန်ကိုက်အချိုးကျသုံးစွဲမှသာ အထွက်ကောင်းအရည်အသွေးကောင်း ထုတ်ကုန်များကို ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏လိုအပ်ချက်၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကိုရှေးရှုပြီး အဘက်ဘက်မှ အားပေးကူညီသွားမည်ဖြစ်သည့်အပြင် တောင်သူလယ်သမားအကျိုးစီးပွား မြှင့်တင်ရေးနှင့် အခွင့်အရေး ကာကွယ်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တရုတ်လှ၊ ထောင်ဝိ၊ ရဲသာ၊ ဘားကပ်၊ မြိုင်ကလေး၊ ကော့ထမလိန်း၊ ကော့လှိုက်၊ ရသေ့ပျံ၊ တော်ပုံကျေးရွာတို့မှ မိုးစပါးစိုက်တောင်သူများကို ယူရီးယားဓာတ်မြေသြဇာအိတ် ၁၀၀ နှင့် သဘာဝမြေသြဇာအိတ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တောင်သူကိုယ်စားလှယ်တစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူများ၏ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာသောယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောထားတို့ကို ရှင်းလင်းပြောကြားသည်။

### တင်ပြဆွေးနွေး

ဆက်လက်၍ မြို့မိမြို့ဖများ၊ နိုင်ငံရေး ပါတီများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ငြိမ်းချမ်းရေး၊ တိုင်းရင်းသားစာပေသင်ကြားမှုဖွံ့ဖြိုးရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသားရိုးရာ ဒုံးအက ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်ပြီး မဲဘောင်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရိုးရာယဉ်ကျေးမှုအကဖြင့် ကြိုဆိုနှုတ်ဆက်ကြသည့် ပအိုဝ်းယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဒေသခံပအိုဝ်းတိုင်းရင်းသားများနှင့် မဲဘောင်ကျောင်းတိုက်၌တွေ့ဆုံပြီး ငြိမ်းချမ်းရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စားဝတ်နေရေး၊ ပအိုဝ်းတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းမြစ်များဖြင့် နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာအုပ်စု(၆) စုမှ ပအိုဝ်းတိုင်းရင်းသားများကိုယ်စား ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပအိုဝ်းတိုင်းရင်းသားများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်ပတ်သက်၍ လည်းကောင်း၊ တက်ရောက်လာသော ပအိုဝ်းတိုင်းရင်းသားပြည်သူများက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးဇော်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များ နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၉ ရက်က စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်စဉ်။ သတင်းစဉ်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းကျော် ဦးစီးတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က သံလျက်မှော်(တောင်)ရပ်ကွက် ကန်တော်ကြီးပတ်လမ်းရှိ ရေလည်ကုသိနာရုံ ဆုတောင်းပြည့်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ရဲပြန်ကြား



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကြီးတို့၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ဒေသခံများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်စဉ်။ ကိုကိုရူပ

# သတင်းအမှန်များ သိရှိခြင်းကြောင့်အကျိုးရှိပြီး သတင်းအမှားများက ဆိုးကျိုးကိုဖြစ်ပေါ်စေ လူမှုကွန်ရက်မီဒီယာများကို ချင့်ချိန်သုံးစွဲပြီး အကျိုးရှိအောင် အသုံးပြုနိုင်ကြစေလို

ရန်ကုန် စက်တင်ဘာ ၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်၊ ဗိုလ်အောင်ကျော်လမ်းရှိ မြန်မာ့မီဒီယာဖွံ့ဖြိုးရေး ဦးစီးဌာနရုံးနှင့် ဗဟန်းမြို့နယ်ရှိ The Global New Light of Myanmar သတင်းစာတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**



နံနက်ပိုင်းတွင် စာပေဗိမာန်သို့ ရောက်ရှိပြီး စာပေဗိမာန် အရောင်းဆိုင်တွင် စာအုပ်များ လာရောက်ရွေးချယ်ဝယ်ယူနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ စာတည်းမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် စာပေဗိမာန်၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ စာပေနှင့် ပတ်သက်ပြီး အစဉ်အလာရှိသည့် အထင်ကရဌာနတစ်ခု ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာဖြစ်ရပ်များ၊ ပြည်တွင်းရေးရာများကိုအားလုံးသိရှိကြမည်ဟု ယူဆပါကြောင်း၊ သတင်းအမှန်များ သိရှိခြင်းကြောင့် အကျိုးရှိပြီး သတင်းအမှားများက ဆိုးကျိုးကို ဖြစ်ပေါ်စေပါကြောင်း၊ သတင်းအတု၊ သတင်းအမှားများကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတိုင်းတွင် အခက်အခဲများ ကြုံတွေ့ရပါကြောင်း၊ လူမှုကွန်ရက်မီဒီယာများကို အကျိုးရှိအောင် အသုံးပြုနိုင်သကဲ့သို့ အကျိုးမဲ့အောင်လည်း လုပ်၍ရပါကြောင်း၊ သုံးစွဲသူအပေါ်မူတည်သည့်အတွက် မိမိတို့အနေဖြင့် ချင့်ချိန်သုံးစွဲပြီး အကျိုးရှိအောင် အသုံးပြုနိုင်ကြစေလို ပါကြောင်း ပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။



ယင်းနောက် ဗိုလ်အောင်ကျော်လမ်းရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးနေရာချထားမှုအနေအထားကို ကြည့်ရှုစစ်ဆေးကာ ရုံးအပေါ်ထပ်ရှိ Media N Co. Ltd ၏ ရုံးခန်းများ၊ သတင်းခန်းများကို ကြည့်ရှု၍ (အပေါ်ပုံ) M Entertainment Channel မှ ရိုက်ကူးပြသနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် The Global New Light of Myanmar သတင်းစာတိုက်၌ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက The Global New Light of Myanmar သတင်းစာကို ၁.၈.၂၀၂၃ ရက်နေ့မှ စတင်ကာ Logo မှအစ၊ အခြားသော အသွင်သဏ္ဌာန်နှင့် အနှစ်သာရပိုင်း ပြောင်းလဲဖော်ဆောင်ခဲ့ကြသည့် စာတည်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူဝန်ထမ်းအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ စာတည်းအဖွဲ့ဝင်များက မိမိတို့ သတင်းစာ စာဖတ်ပရိသတ်များ စိတ်ဝင်စားမည့် သတင်း အကြောင်းအရာများကို ရွေးချယ်ပြီး ဖော်ပြသွားရန်လိုကြောင်း၊ သတင်းများ စုစည်းရွေးချယ်ရာတွင် နိုင်ငံရေးအမြင်ရှိရန်လိုပြီး သတင်းစာတိုက်မူဝါဒများနှင့်အညီ လွတ်လွတ်လပ်လပ် ဖော်ပြဆောင်ရွက်နိုင်သော်လည်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေမည့် သတင်းများ၊ မိမိတို့နှင့် ချစ်ကြည်ရင်းနှီးစွာရှိသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားသည့် သတင်းများကို မဖော်ပြမိရန်လိုကြောင်း၊ သတင်းများ၊ ဆောင်းပါးများအားလုံးကို စိစစ်ဖတ်ရှုတည်းဖြတ်ပြီး အမှားအယွင်း မပါရှိအောင် စနစ်တကျ ရွေးချယ်ဖော်ပြသွားစေလိုကြောင်း မှာကြားကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်စက်ခန်းကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်လောကနှင့် ပတ်သက်၍ ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းရန် ကိစ္စများရှိပါက ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင်ပြည်သူများက ရုပ်ရှင်ဇာတ်ကားများအပေါ် ပြန်လည်သက်ဝင်ခံစားမှုများ ရှိလာပြီး ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုများလည်း ပုံမှန်အခြေအနေ နီးပါးဖြစ်ပေါ်လာခြင်းအတွက် ဝမ်းမြောက်မိပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကြီးကို ကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးပေးကြစေ လိုကြောင်း၊ ပြီးခဲ့သည့်ကာလများတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်လောကသားများ အပြန်အလှန်ယုံကြည်မှုများဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် အထိုက်အလျောက် အောင်မြင်မှုများရှိခဲ့ပြီး နောင်လာမည့် ကာလများတွင်လည်း လုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရုပ်ရှင် ဇာတ်ကားများအား ပြည်တွင်းမှာသာမက နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ၊ အထိမ်းအမှတ်ပွဲများတွင် ချိတ်ဆက်ပြသနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းကို မည်သို့မြှင့်တင်ကြမည်၊ မည်သို့ လုပ်ဆောင်ရမည်ကို ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ နာယက ဦးအောင်လွင်နှင့် တက်ရောက်လာသူများက မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြသည်။

**သတင်းစဉ်**

## မြန်အောင်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲ ကျင်းပ

**မြန်အောင် စက်တင်ဘာ ၉**

၂၀၂၃ -၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် Grade-12 စာမေးပွဲအောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်စိုးက အမှာစကားပြောကြားပြီး မြန်အောင်ခရိုင် ပညာရေးမှူး ဦးမြင့်အောင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် Grade-12 စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် မြန်အောင်ခရိုင်အတွင်းရှိ အထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲနှင့် ပြင်ပဘာသာရပ်သင်ကျောင်းစုစုပေါင်း ၇၄ ကျောင်းမှ ကျောင်းအုပ်ဆရာ ဆရာမများက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ကျောင်းအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြကြောင်း သိရသည်။

**အောင်အောင်(ပညာရေး)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**တောင်ကြီး စက်တင်ဘာ ၉**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် ပြည်နယ်တရားရေးဦးစီးမှူးတို့က (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြားသည့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ရုရှားဘာသာဌာန၊ ရုရှားဘာသာစကားသင်တန်းနှင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်



နေပြည်တော် စက်တင်ဘာ ၉

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Shukshin Altai State University for Humanities and Pedagogy တို့ပူးပေါင်း၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ရုရှားဘာသာဌာန၊ ရုရှားဘာသာစကားသင်တန်းနှင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားကောင်စစ်ဝန် Mr.Pavel Kablukov၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားကောင်စစ်ဝန်တို့က တက္ကသိုလ်ပင်မဆောင်ရှေ့တွင် အခမ်းအနားပထမပိုင်းအစီအစဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် ကြွရောက်လာသည့်ဧည့်သည်တော်များအား ရုရှားဓလေ့ရိုးရာ ထုံးတမ်းအစဉ်အလာဖြင့် ကျွေးမွေးဧည့်ခံ ကြိုဆိုကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားကောင်စစ်ဝန်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရုရှားဘာသာစကားဌာန(Russian language office) ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမ၌ အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် အနာဂတ်ပညာရေးမြင့်မားရေးအတွက် ဦးစားပေးပံ့ပိုးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှတက္ကသိုလ်များကို နိုင်ငံခြားတက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုး၍ မိတ်ဖက်ဆက်ဆံရေးများ ထူထောင်နေပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ထာဝရမိတ်ဆွေဖြစ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးမြို့၌ ရုရှားဘာသာစကားဌာနဖွင့်လှစ်ခြင်းကို ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားကောင်စစ်ဝန် Mr. Pavel Kablukov က ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရုရှားနိုင်ငံ ASUHP တို့ ပူးပေါင်းဆောင်ရွက်မှုဗီဒီယိုကလစ်ကို ပြသပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြကာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယဉ်ကျေးမှုပြခန်းသို့ သွားရောက်၍ တရုတ်၊ ထိုင်း၊ ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ ရုရှားတို့၏ ရိုးရာယဉ်ကျေးမှုပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရတနာပုံတက္ကသိုလ်သို့ သွားရောက်၍ ရတနာပုံတက္ကသိုလ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တက္ကသိုလ်စာကြည့်တိုက်နှင့် ဘာသာရပ်ဌာန စာကြည့်တိုက်များတွင် စာအုပ်များကို နှစ်စဉ်ဖြည့်ဆည်းပေးသွားရန် စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ်ရှိတက္ကသိုလ်သုတေသနစင်တာသို့ သွားရောက်၍သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ သုတေသနဆောင်ရွက်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများကို အကျိုးရှိရှိအသုံးချဆောင်ရွက်ရေး၊ စနစ်တကျကိုင်တွယ်၍ စည်းကမ်းရှိရှိ အသုံးပြုဆောင်ရွက်ရေးတို့ကိုမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၉

**နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယမန်နေ့က အလယ်ချောင်းကျေးရွာအုပ်စု တောင်မြင့်ရွာမကျေးရွာသို့ ရောက်ရှိကြသည်။**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်မြင့်ရွာမကျေးရွာ Church ကျောင်း၌ အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုမှ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများနှင့် ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားတို့ကို ပေးအပ်သည်။

ထိုသို့တွေ့ဆုံစဉ်နေပြည်တော်ကောင်စီအဖွဲ့ဝင်က မြို့ပြနှင့် ကျေးလက်ဒေသ ကွာဟမှုမဖြစ်စေရေးနှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ပေါ်ဒေသကို လာရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို လာရောက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကိုရင်းနှီးပွင့်လင်းစွာ တင်ပြပေးစေလိုကြောင်း၊ ထိုသို့ဆွေးနွေးတင်ပြမှသာ ဒေသလိုအပ်ချက်များကို မိမိတို့အနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ရောက်ရှိနေသည့် အချိန်အတွင်း၌လည်း ကျေးရွာအုပ်စုအတွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းလုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်သားတည်း ရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ Church ကျောင်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ဆေးဝါးများ၊ ကျောင်းသုံး စာရေးကိရိယာများနှင့် ထောက်ပံ့ငွေတို့ကို ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ကျောင်းအုပ်ဆရာကြီးများက လက်ခံရယူကြသည်။ (အပေါ်ယာပုံ)

ယင်းနောက် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုရှိ ကျေးရွာသူကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက် (၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)တို့ကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆိုလာမီးများတပ်ဆင်နိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့်အဖွဲ့သည် တောင်မြင့်ရွာမ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပျဉ်းမနား တောင်ပေါ်ဒေသကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တောင်မြင့်ရွာမ အခြေခံပညာ အလယ်တန်းကျောင်းတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးလက်နေ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများကို ပန်းခင်းစီမံချက် (၂)ဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။ **သတင်းစဉ်**

## မိုင်းရှူးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

မိုင်းရှူး စက်တင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝမ်ကန်) ၌ ယနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မိုင်းရှူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လင်းက မူးယစ်ဆေးဝါးသမိုင်းအကြောင်း၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များ၊ ဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ တက်ရောက်ကြောင်း သိရသည်။ **မိုင်းရှူး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ဆေးရုံများ၌ သန့်ရှင်းရေးဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ့ဆေးရုံများ၊ တိုင်းရင်းဆေးရုံများ၌ အစိုးရဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများသည် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဆေးရုံများ၏ သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက လိုက်လံကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် တာဝန်ရှိသူများနှင့်အတူ နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများက အုပ်ချုပ်မှုဆောင်၌ ဆေးရုံကြီး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားရှိမှုကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ဆေးရုံကြီးအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (ခုတင်-၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)နှင့် အထူးကုဆေးရုံကြီး လေးရုံတို့သို့ သွားရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့်အဖွဲ့သည် နေပြည်တော်ရှိ ကလေးရောဂါအထူးကုဆေးရုံကြီး၊ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီးများသို့ သွားရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီးရှိ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့ ပြည်သူ့ဆေးရုံနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ယင်းတော်တိုက်နယ်ဆေးရုံ၊ ရန်အောင်တိုက်နယ်ဆေးရုံ၊ တောင်ညောင်ကုန်းတိုက်နယ်ဆေးရုံများ၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာပြည်သူ့ဆေးရုံကြီး၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက ရန်ကုန်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ အရိုးရောဂါအထူးကုဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*


ဦးစွာ ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့က ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် ရုရှားနိုင်ငံ EMERCOM မှ Mr.



Andrei KHOMENKO တို့က မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို လွှဲပြောင်းလက်ခံ လက်မှတ်ရေးထိုးပြီး လဲလှယ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး**(အပေါ်ပုံ)** လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တင်ဆောင်လာသော အကူအညီပစ္စည်းများတွင် ငါးသေတ္တာဘူး (Preserved Fish) ၁၃ ဒသမ ၉၅ တန်၊ ပါစတာ (Macaronl) ၁၀ ဒသမ ၅ တန်၊ မိုးကာတဲ ၁၀ ဦးဆံ့ ၂၅ လုံး ၂ ဒသမ ၉ တန်၊ မီးစက်(Mobile Electric Power Station) ၁ လုံး ၂ ဒသမ ၈ တန်တို့ ဖြစ်ကြောင်း သိရသည်။

မိုခါ ဆိုင်ကလုန်းမုန်တိုင်း ဘေးသင့် ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ပေးလျက်ရှိရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဝန်ကြီးဌာန အသီးသီးတို့နှင့် ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ ကူညီ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရတနာပန်းတောင်းရေယာဉ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် သစ် ၁၆၅၃ ဒသမ ၇၄ တန်၊ ၉ မီတာ ကွန်ကရစ်မီးတိုင် ၂၉၄ တိုင်၊ ကျန်းမာရေးသုံးပစ္စည်း ၆ တန်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးပစ္စည်းများ အပါအဝင် စုစုပေါင်း ၁၈၃၉ ဒသမ ၄၃ တန်ကို လည်းကောင်း၊ စိန်မင်းသားရေယာဉ်သည် United Nations Office for the Coordination of Humani-tarian Affairs (UNOCHA) မှ ပေးပို့သည့် ဆန် ၂၄ ပြည်ဝင် ၂၀၀၅၄ အိတ် စုစုပေါင်း ၁၀၀၂ ဒသမ ၆၆ တန်ကို လည်းကောင်း တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

---

❂ *ကျောဖုံးမှ*

ဆက်လက်တည်ရှိနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## အာဖရိကသမဂ္ဂကို အမြဲတမ်းအဖွဲ့ဝင်အဖြစ် ခွင့်ပြုရန် ဂျီ - ၂၀ သဘောတူ



**နယူးဒေလီ စက်တင်ဘာ ၉**

အာဖရိကသမဂ္ဂ (အေယူ) အား အမြဲတမ်းအဖွဲ့ဝင်အဖြစ် ခန့်အပ်ရန် ဂျီ-၂၀ အဖွဲ့ဝင်က စက်တင်ဘာ ၉ ရက်တွင် သဘောတူညီလိုက်ပြီဖြစ်သည်။

နယူးဒေလီမြို့၌ နှစ်ရက်ကြာ ကျင်းပလျက်ရှိသည့် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေး၏ အဖွင့်အစည်းအဝေးတွင် အဆိုပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ကိုမိုရို့စ် ပြည်ထောင်စုသမ္မတနှင့် လက်ရှိ အာဖရိကသမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်သူ အဇာလီအက်ဆူမာနီသည် ဂျီ - ၂၀ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၅၅ နိုင်ငံကို ကိုယ်စားပြုသည့် ၎င်း၏ ကိုယ်စားလှယ်နေရာကို ရယူခဲ့သည်။

ဂျီ - ၂၀ အဖွဲ့သည် ၁၉၉၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဘဏ္ဍာရေးနှင့် စီးပွားရေးနယ်ပယ်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကဖိုရမ်တစ်ခုဖြစ်သည်။ ယခင်က နိုင်ငံပေါင်း ၁၉ နိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ) တို့ ပါဝင်သည်။

ဂျီ - ၂၀ ၏ အမြဲတမ်းအဖွဲ့ဝင်တစ်ဦးအဖြစ် သတ်မှတ်ခံရခြင်းသည် ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် မူဝါဒချမှတ်မှုများအပေါ် အာဖရိကပြည်သူများ၏ ကိုယ်စားပြုမှုနှင့် ခိုင်မာသော ရပ်တည်မှုအတွက် သတင်းကောင်းပင်ဖြစ်ကြောင်း အာဖရိကသမဂ္ဂ ကော်မရှင်၏ မိတ်ဖက်စီမံခန့်ခွဲမှုနှင့် အရင်းအမြစ်စည်းရုံးရေး ညွှန်ကြားရေးမှူး စတိဗ်ပက်ထရစ်လာလန်ဒီက ဆိုသည်။

ဆင်ဟွာ

## မော်ရိုကိုနိုင်ငံ၌ အလွန်ပြင်းထန်သော ငလျင်ကြောင့် သေဆုံးသူ ၁၀၃၇ ဦး အထိရှိလာ

**ရာဘတ် စက်တင်ဘာ ၉**

မော်ရိုကိုနိုင်ငံတွင် စက်တင်ဘာ ၈ ရက် ညပိုင်းမှ အင်အားပြင်းထန်သည့် ကြောက်မက်ဖွယ်ငလျင်လှုပ်ခတ်ခဲ့ရာ သေဆုံးသူဦးရေမှာ ၁၀၃၇ ဦး အထိရှိလာပြီဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်ကြောင့်ဒဏ်ရာရရှိသူ ၁၂၀၄ ဦး ထက်မနည်းရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။ ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်မှာ မော်ရိုကိုနိုင်ငံတွင် စက်တင်ဘာ ၈ ရက် ည ၁၁ နာရီ ၁၁ မိနစ်တွင် လှုပ်ခတ်ခဲ့ပြီး ငလျင်၏အနက်မှာ ၁၈ ဒသမ ၅ ကီလိုမီတာရှိသည်ဟု အမေရိကန် ဘူမိဗေဒ စူးစမ်းလေ့လာရေးက ပြောသည်။

ငလျင်၏ဗဟိုချက်မ နေရာမှာ အယ်ဟော့ဇ်ပြည်နယ် အီလ်မြို့အနီးတွင်ဖြစ်သည်။ ငလျင်လှုပ်မှုကို မော်ရိုကိုတစ်လွှား မြို့ကြီးများတွင် ခံစားရပြီး ရာဘတ်မြို့နှင့် ကာဆာဘလန်ကာမြို့တို့တွင်လည်း ငလျင်လှုပ်မှုကို ခံစားရသည်။ တရောင်းဒက်နှင့် မယ်ရာကက်ရှ်



မြို့တို့ရှိ နေအိမ်အများအပြား ပျက်စီးခဲ့ရသည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။ ငလျင်လှုပ်ခတ်ဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးသမားများကို စေလွှတ်ထားပြီး အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေမှုများပြုလုပ်နေသည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

## ဆူဒန်မှ အီသီယိုးပီးယားသို့ ဝင်ရောက်သူ ၇၈၀၀၀ ကျော်ရှိ

**အဒစ်အဘာဘာ စက်တင်ဘာ ၉**

ဆူဒန်နိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားမှုများကြောင့် အီသီယိုးပီးယားနိုင်ငံသို့ ရောက်လာသူ အရေအတွက်မှာ ၇၈၅၉၈ ဦး အထိ ရှိလာကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။

ဩဂုတ် ၂၉ ရက်အထိ ဆူဒန်နိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုများကြောင့် အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် နေရပ်ပြန်သူများ၊ ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများမှာ ၇၈၅၉၈ ဦးထက်မနည်း ရှိလာကြောင်း အဆိုပါရုံးက ပြောသည်။ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများအနက် ၄၆ ရာခိုင်နှုန်းခန့်မှာ အီသီယိုးပီးယားနိုင်ငံသားများဖြစ်ကြောင်း၊ ၃၄ ရာခိုင်နှုန်းခန့်မှာ ဆူဒန်နိုင်ငံသားများဖြစ်ကြောင်းနှင့် ကျန် ၂၀ ရာခိုင်နှုန်းမှာ တတိယနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

ဆူဒန်နိုင်ငံသည် ဧပြီ ၁၅ ရက်ကတည်းက လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့အကြား မြို့တော်ခါတွန်နှင့် အခြားသောဒေသအများအပြားတွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## သီရိလင်္ကာရွှေ့ပြောင်းလုပ်သားများက ဇန်နဝါရီမှ ဩဂုတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော် ရှာဖွေပေး

**ကိုလံဘို စက်တင်ဘာ ၉**

သီရိလင်္ကာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများသည် ဇန်နဝါရီမှ ဩဂုတ်လအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော် ပေးပို့ခဲ့ပြီး ယခင်နှစ်ကထက် ၇၄ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း အလုပ်သမားနှင့် နိုင်ငံခြားအလုပ်အကိုင်ရေးရာဝန်ကြီး မန်နူရှာ နာနာယပ်ကာရာ က စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ဩဂုတ်လတစ်လတည်းပင် ရွှေ့ပြောင်းအလုပ်သမားများထံမှ ဒေါ်လာသန်း ၅၀၀ နီးပါးကို ပြန်လည်ပေးပို့ခဲ့ကြောင်း ဆိုရှယ်မီဒီယာတွင် ဝန်ကြီးက ပြောကြားသည်။ သီရိလင်္ကာနိုင်ငံခြားအလုပ်အကိုင်ဗျူရို၏ စာရင်းဇယားများအရ ယခုနှစ် စက်တင်ဘာလ အစောပိုင်းအထိ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်နေသည့် သီရိလင်္ကာနိုင်ငံသား နှစ်သိန်းကျော်ရှိကြောင်း ဝန်ကြီးက အစောပိုင်းတွင် ပြောကြားထားသည်။

ဆင်ဟွာ

## ယခုနှစ် ပထမရှစ်လအတွင်း ပြည်ပသို့ ဆန်တင်ပို့မှု ကန်ဒေါ်လာ ၂၇၈ ဒသမ ၆ သန်း ကမ္ဘောဒီးယားရရှိ

**ဖနောင်ပင် စက်တင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း ဆန်တန်ချိန် ၄၁၀၆၉၉ တန်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်းနှင့် ထိုကဲ့သို့ တင်ပို့မှုမှ ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၆ သန်း ရရှိကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် (စီအာရ်အက်ဖ်) ၏ စက်တင်ဘာ ၉ ရက်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအကြား နိုင်ငံနှင့် ဒေသပေါင်း ၅၆ ခုသို့ ဆန်များကို တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံက ထိပ်တန်းဝယ်ယူသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံသည် အဆိုပါကာလအတွင်း တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၄၃၈၀၈ ကို တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၆ သန်း ရရှိခဲ့ကြောင်း သိရသည်။ စီအာရ်အက်ဖ် ဥက္ကဋ္ဌဖြစ်သူ ချန်းက ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ခုနစ်သိန်း တင်ပို့နိုင်ရန် ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။



သတင်းထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားနိုင်ငံမှ ပြည်ပသို့ တင်ပို့သော ဆန်များတွင် ဆန်မွှေး၊ အော်ဂဲနစ်ဆန်၊ ဆန်ဖြူ ပေါင်းဆန်နှင့် ဂျပန်ဆန်တို့ ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

## အီဂျစ်နိုင်ငံ၌ ဆော်ဒီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအထိ ရှိလာ

**ကိုင်ရို စက်တင်ဘာ ၉**

အီဂျစ်နှင့် ဆော်ဒီအာရေဗျတို့သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ နီးကပ်စွာရှိကြပြီး အီဂျစ်တွင် ဆော်ဒီ၏ ရင်းနှီးမြှုပ်နှံမှုများသည် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း အီဂျစ်နိုင်ငံ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီးက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရန် မျှော်လင့်ကြောင်း အီဂျစ် စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒုတိယဝန်ကြီး အာမက်ကာမာလီက ပြောကြားသည်။

ဆော်ဒီလက်ထောက် စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဆူလီမန်အယ်လ်အိုဘိတ် ဦးဆောင်သော ဆော်ဒီကိုယ်စားလှယ်အဖွဲ့နှင့် ကိုင်ရိုတွင်တွေ့ဆုံစဉ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း ကာမာလီက မှတ်ချက်ပြုသည်။

ဆော်ဒီအာရေဗျသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံဖြင့် အီဂျစ်တွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း အီဂျစ်နိုင်ငံ၏ တရားဝင် စာရင်းအင်းအေဂျင်စီ ကက်ပ်မတ်စ်၏ ဩဂုတ်လ အစီရင်ခံစာအရ သိရသည်။

ဆင်ဟွာ

## မော်အီကျွန်း တောမီးလောင်မှုမှ ၆၆ ဦး ပျောက်ဆုံးနေဆဲဖြစ်

**လေ့ဝ်စ်အိန်ဂျလိစ် စက်တင်ဘာ ၉**

အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ် မော်အီကျွန်းတွင် လွန်ခဲ့သည့်တစ်လက တောမီးလောင်ခဲ့ရာ ယခုအချိန်အထိ ပျောက်ဆုံးနေသူ ၆၆ ဦး ရှိနေဆဲဖြစ်သည်ဟု ဟာဝိုင်ယီ အုပ်ချုပ်ရေးမှူး ဂျို့ရှ်ဂရင်းက စက်တင်ဘာ ၈ ရက်တွင် ပြောသည်။ အာဏာပိုင်များ၏ ပြောကြားချက်အရ အဆိုပါတောမီးကြောင့် လူပေါင်း ၁၁၅ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ယဉ်ကျေးမှုအမွေအနှစ် အတော်များများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု သိရသည်။ ပြည်နယ်ရှေ့နေချုပ် အန်လိုပက်ဇ်အမှီအခိုကင်းသည့် အဖွဲ့အစည်းမှတစ်ဆင့် တောမီးလောင်ရမှုအကြောင်းနှင့် အရေးပေါ်တုံ့ပြန်မှုများကို စုံစမ်းစစ်ဆေးမှု အပြည့်အဝလုပ်ဆောင်နေသည်ဟု ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# တောင်သူများကိုယ်တိုင်ပါဝင်သော အလားအလာကောင်းသည့် ယာစပါးမျိုး ရွေးချယ်ခြင်း၊ ယာသီးနှံများအတွက် ရေလိုအပ်ချက်နှင့် ရေပေးသွင်းစနစ်များ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

တောင်သူများကိုယ်တိုင် ပါဝင်သော အလားအလာကောင်းသည့် မြေပြန့်နှင့် တောင်ပေါ်ကုန်းမြင့် ယာစပါးမျိုး မွေးမြူရွေးချယ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာတင်ထွဋ်၊ ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး တောင်သူများနှင့်အတူ စိတ်ကြိုက်မျိုး ရွေးချယ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများသည် တောင်သူများ၏စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာ အခက်အခဲများ ဖြေရှင်းပေးရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သုတေသီများ၊ ပညာရှင်များ၊ စိုက်ပျိုးပညာပေး တာဝန်ရှိသူများနှင့် တောင်သူများအကြား နီးကပ်စွာ ဆွေးနွေးအဖြေရှာ ဖော်ထုတ်ပေးနိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ကျင်းပပြုလုပ်သည့် (၆) ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲ (Farmers' Forum) သို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒေသရာသီဥတုနှင့် ကိုက်ညီပြီး မြေအမျိုးအစားအပေါ် မူတည်၍ သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ရာသီဥတု ပြောင်းလဲသက်ရောက်လာမှုကြောင့် စိုက်ပျိုးရေ ရှားပါးလာသဖြင့် ရေခက်ခဲသည့် ဒေသများတွင် လယ်စပါးစိုက်ပျိုးမှုမှ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် အထွက်ကောင်း ယာစပါးများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော လက်တွေ့အသုံးချ သုတေသနများ ဆောင်ရွက်သင့်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် ကြုံတွေ့လာရသည့် စိန်ခေါ်မှုများအပေါ် အောင်မြင်စွာ ကျော်ဖြတ်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပဓာနကျသောလုပ်ငန်းရပ်ဖြစ်သည်ကို သတိပြုကြပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သူများ တွက်ခြေကိုက် ဝင်ငွေရပြီး စိုက်ပျိုးရေအနည်းငယ်သာလိုအပ်သည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ရေအသုံးချသူများအဖွဲ့ (WUG)များအနေဖြင့်ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ရေကူနိုင်သော နည်းလမ်းပေါင်းစုံနှင့် စိုက်ပျိုးအသုံးပြုပြီးသော ရေများကို ရေထုတ်မြောင်းများရိုးများမှ အဆင့်ဆင့်ပြန်လည်အသုံးပြုနိုင်ရန် နည်းလမ်းများကို ရှာဖွေဖော်ထုတ်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Forum) ကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ပညာရှင်များက ယာသီးနှံများအတွက် ရေလိုအပ်ချက်နှင့် ရေပေးသွင်းစနစ်များ၊ စိုက်ပျိုးရေလိုအပ်ချက် စိန်ခေါ်မှုများနှင့် တုံ့ပြန် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို တင်ပြကြပြီး တောင်သူများနှင့် အပြန်အလှန် နီးနှောဖလှယ် ဆွေးနွေးကြသည်။

ရာသီဥတု ပြောင်းလဲလာမှုကြောင့် ရေခက်ခဲသည့်ဒေသများတွင် လယ်စပါး စိုက်ပျိုးခြင်းမှ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် ရေအနည်းငယ်သာလိုအပ်သော အထွက်ကောင်း ယာစပါးမျိုးများ အစားထိုးစိုက်ပျိုးနိုင်ရန်၊ ယာသီးနှံများအတွက် ရေလိုအပ်ချက်နှင့် ရေပေးသွင်းစနစ်များကို တောင်သူများ သိရှိလိုက်နာကျင့်သုံးနိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တောင်ငူမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**တောင်ငူ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သန့်ရှင်းလှပရေးအတွက် အမှတ်(၁၉)ရပ်ကွက်ရှိ တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးဝင်း၌ ယနေ့နံနက်ပိုင်းက မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ်မှ အရာရှိစစ်သည်များ၊ တောင်ငူခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်ငူခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၊ စုစုပေါင်းအင်အား ၇၅၇ ဦးခန့် စုပေါင်း၍ ရေနုတ်မြောင်းများဖော်ခြင်း၊ ချုံနွယ်၊ မြက်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းသန့်ရှင်းခြင်းများ စုပေါင်းဆောင်ရွက်ကြရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တပ်နယ်မှ အရာရှိကြီးများ၊ ကျန်းမာရေးလှူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လာရောက်အားပေးကြည့်ရှုပြီး (အပေါ်ပုံ) လိုအပ်သည်များဆောင်ရွက်ပေးသည်။ တောင်ငူမြို့၌ အပတ်စဉ်စနေနေ့တိုင် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို (ပြန်/ဆက်)**

# ရွှေဘိုတက္ကသိုလ်၌ ဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကျင်းပ

**ရွှေဘို စက်တင်ဘာ ၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေဘိုတက္ကသိုလ်တို့ ပူးပေါင်း၍ လူငယ်သီတင်းပတ် ဗလငါးတန် ဖွံ့ဖြိုးရေးလှုပ်ရှားမှု အထိမ်းအမှတ် ဟောပြောပွဲနှင့် လူငယ်စကားဝိုင်းတို့ကို ယမန်နေ့ နံနက် ၁၀ နာရီက ရွှေဘိုတက္ကသိုလ် ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမျိုးမျိုးက အမှာစကားပြောကြားပြီး မြန်မာစာပါမောက္ခ (ဌာနမှူး) ဒေါက်တာချိုချိုသန်းက ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေဘိုခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြွှန်ကဆောင်ရွက်ကာ မောင်ကျော်ဖြိုးအောင် (မဟာတန်းပထမနှစ် ဓာတုဗေဒ)က လူငယ်နှင့်မိတ္တဗလ၊ မောင်ရန်ပိုင်စိုး (မဟာတန်း ဒုတိယနှစ် မြန်မာစာ)က လူငယ်နှင့်စာရိတ္တ၊ မသီရိကျော်ကျော် (မဟာတန်း ဒုတိယနှစ် ရူပဗေဒ) ကလူငယ်နှင့်ကာယဗလ၊ မမြယွန်းလွှာ (ဒုတိယနှစ် ဂုဏ်ထူးတန်း ပထဝီ)က လူငယ်နှင့် ဉာဏဗလ၊ မပေါ်ထိန်ထိန်(မဟာတန်း ပထမနှစ်သမိုင်း)က လူငယ်နှင့် ဘောဂဗလ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်းတွင် ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**သီပေါ စက်တင်ဘာ ၉**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင် ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ပန်လုံနယ်မြေရဲစခန်းမှူးရဲအုပ်နေမျိုးလတ် ဦးစီးသော တပ်ဖွဲ့ဝင်များက ပန်လုံပြည်သူ့ဆေးရုံ၌ သန့်ရှင်းသာယာလှပရေးအတွက် ပေါင်း၊ မြက်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း ပြည်သူ့ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

**စိုင်း(သီပေါ)**



○ *ကျောဖုံးမှ*

ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်သောကြောင့် ယင်းအသင်း၏ ရလဒ်များကို ခြေစစ်ပွဲအုပ်စုအဆင့် ရပ်တည်မှုတွင် ထည့်သွင်းတွက်ချက်မည်မဟုတ်ရာ မြန်မာအသင်းသည် ယခုပွဲတွင် အရေးနိမ့်ခဲ့သော်လည်း အုပ်စုရပ်တည်မှုတွင် သက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

**အနိုင်ရထား**

မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးထပ်ပေးရသဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကာတာအသင်းသည် ပထမပွဲတွင်လည်း တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

**တောင်ကိုရီးယားနှင့် ကစားရမည်**

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

# တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားမှ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိမည်

မောင်ငြိမ်းအေး

**ပညာသည် လူ၏တန်ဖိုးဖြစ်သည်။ ပညာသည် ဆီမီးတိုင်ပမာဝန်းကျင်တစ်ခုလုံးကို အလင်းရောင်ပေးနိုင်သည်။ "ပညာရွှေအိုး လူမခိုး"ဆိုသကဲ့သို့ ပညာသည် ရွှေအိုးပမာ မပျောက်မပျက် အကျိုးရှိအောင် အသုံးပြုနိုင်သည်။ ပညာ၏တန်ဖိုးမှာ များပြားသည်။ ပညာဖြင့် အရာရာကို ပိုင်းခြားဆင်ခြင် အလင်းဆောင်နိုင်သည်။ "ပညာမတတ်လျှင် အကန်း"၊ "စာတတ်ပြီး စာမဖတ်လျှင် ပြတင်းပေါက်ရှိလျက် မဖွင့်သောအိမ်" နှင့်တူသည်ဟု သတင်းစာဆရာကြီးတစ်ဦး ဆိုသကဲ့သို့ အရာအားလုံးသည် အမှောင်အတိဖုံးနေမည်ဖြစ်သည်။**

ပညာကိုငယ်စဉ်ကတည်းက ကြိုးစားသင်ကြားရသည်။ ပညာတတ်ပြီးလျှင်လည်း စာဖတ်ခြင်းဖြင့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားအောင် ကြိုးစားအားထုတ်သင့်သည်။ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် နိုင်ငံသားများ စာတတ်အောင်၊ ပညာတတ်အောင် ကြိုးစားအားထုတ်နေကြသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံပြီး နိုင်ငံကို မြှင့်တင်နေကြသည်။ ပညာရည်မြင့်မားသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လာကြပြီး ပညာရည်နိမ့်ကျသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည်ကို တွေ့ရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း ပညာတတ်မြောက်ပြီး ပညာဖြင့် ထိုလူတို့၏ ဘဝပတ်ဝန်းကျင်ကို တိုးတက်တောက်ပြောင် လာအောင် ဖန်တီးနေကြသည်။



**"အလယ်တန်းအဆင့်သို့ တက်ရောက်ရန် အခက်အခဲရှိသူ ကလေးများနှင့် ပုံမှန်ကျောင်းများမှ အလယ်တန်းအဆင့် မပြီးမြောက်မီ ကျောင်းထွက်ခဲ့ရသောကလေးများဘဝကို ပညာသင်ယူမှု အခွင့်အလမ်းများ စဉ်ဆက်မပြတ်ပေးရန်လိုအပ်သည်။ ဤအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ခြင်းအားဖြင့် အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်မည်။ အခြေခံပညာအထက်တန်းအဆင့်သို့ တက်ရောက်နိုင်မည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်မည်။ လူငယ်များ၏ ဘဝရှေ့ရေးအတွက် လက်တွေ့ကျကျ အထောက်အကူပြုမည်ဖြစ်သည်"**

### ပညာတတ်လိုစိတ်များ

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာတတ်မှု၊ ပညာတတ်မှု၊ စာဖတ်မှုနည်းပါးနေသေးသောကြောင့်ဟု ဆိုနိုင်သည်။ ပညာရေးနှင့်ပတ်သက်၍ မြို့ပေါ်နေပြည်သူများအပြင် ကျေးလက်ပြည်သူများ၊ တိုင်းရင်းသား ပြည်သူများအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာတတ်မြောက်ရန်လိုအပ်သည်။ ရှေးယခင်က မြန်မာနိုင်ငံတွင် အရေး၊ အဖတ်၊ အတွက် "အ"သုံးလုံးသင်တန်းများ ပေးခဲ့ဖူးသည်။ အောင်မြင်မှုများရရှိပြီး ကမ္ဘာတွင် စံပြပုံစံဖြင့် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ "အ"သုံးလုံး သင်တန်းများမှတစ်ဆင့် စာပေကို စိတ်ဝင်စားကာ ပညာတတ်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသတွင် အလယ်တန်းကျောင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်း ၂၁၅၅၀ ရှိသည်။ မြို့ပေါ်တွင် အလယ်တန်းကျောင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်း ၃၃၁၈ ကျောင်း ရှိသည်။ အဆိုပါကိန်းဂဏန်းများအရ အလယ်တန်းကျောင်းများ၏ ကျေးလက်မြို့ပြအချိုးမှာ ၈ အချိုး ၁ ရှိပြီး မူလတန်းကျောင်းအချိုးမှာ ၆ ဒသမ ၅ အချိုး ၁ ရှိသည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှ မြို့ပေါ်နေလူဦးရေမှာ ၂၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိသည်။ ကျေးလက်လူဦးရေ များပြားသဖြင့် ပညာရေးကဏ္ဍကို ကျေးလက်တွင် ပိုမိုမြှင့်တင်ပေးထားသည်။ သို့သော် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ နည်းပါးပြီး မြို့ပေါ်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ ပိုမိုများပြားသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းရင်းမှာ ကျေးလက်ဒေသတွင် ကျောင်းရှိသော်လည်း ကျောင်းနေ ရာခိုင်နှုန်း နည်းပါးခြင်းနှင့် ပညာကို ဆုံးခန်းတိုင်အောင်သင်ကြားမှု နည်းပါးနေသောကြောင့်ဖြစ်သည်။

### အားပေးဆောင်ရွက်မည်

အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားလူမှုစီးပွားဘဝ အခက်အခဲအမျိုးမျိုးတို့ကြောင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းနေသည်ကို တွေ့ရသည်။ **"ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာများရှိရန်လိုကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ်တိုက်တွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေး အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၁-၉-၂၀၂၃ ရက်နေ့တွင် ကျင်းပသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် ပြောကြားခဲ့သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးတွင် အားနည်းနေသည့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဦးစားပေးအားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိသည်။ အဆိုပါစနစ်ကို အကောင်အထည်ဖော်ရာတွင်ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူအားလုံး အသိပညာ၊ အတတ်ပညာများရှိရန် လိုအပ်သည်။ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ ပြီးမြောက်ရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပညာရေးနှင့် ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တွန်းအားပေးတိုက်တွန်းနေသည်။

### လက်တွေ့အကောင်အထည်ဖော်

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး၊ အတန်းပညာကို ပြီးဆုံးအောင်သင်ကြားရေးတွင် အားနည်းချက်များရှိနေဆဲဖြစ်သည်။ လူမှုစီးပွားဘဝ အခက်အခဲအမျိုးမျိုးကြောင့် ပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်ဘဲ အချိန်မတိုင်ခင် ကျောင်းထွက်လိုက်ရသည့် ရာခိုင်နှုန်းများနေသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ပညာတတ်များ နည်းပါးနေသည်။ ယင်းကို ခေတ်အဆက်ဆက် အစိုးရများက ကုစားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကျောင်းပြင်ပ ပညာရေးဖြင့် မူလတန်းပညာ KG+5 အထိ သင်ကြားပေးနိုင်အောင် တပ်မတော်အနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် သာဓကများရှိသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ငါးမြို့နယ်ဖြင့် စတင်ခဲ့သည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၂ မြို့နယ်၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မြို့နယ် ၂၀၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၄၈ မြို့နယ်၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၇၃ မြို့နယ်၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြို့နယ် ၈၀၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၈၉ မြို့နယ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၉၄ မြို့နယ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၁၀၄ မြို့နယ်အထိ တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်၍ တိုးတက်မှု ပြန်လည်ကျဆင်းသွားသည်။ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ အသက် ၅ နှစ်မှ ၁၆ နှစ်အတွင်း ပညာသင်ခွင့်မရသူ ၂ဒသမ ၇ သန်းရှိသည်ဟု သိရသည်။ ပညာရေးနှင့်ဝေးပြီး မူလတန်းပင် မပြီးဆုံးသော ကလေးငယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာသင်ခွင့်မရသူ ကလေးများကို မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနက ကျောင်းပြင်ပ မူလတန်းပညာရေး၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးတို့ဖြင့် ပညာသင်ယူမှုအခွင့်အလမ်းများ ဆက်လက်ပေးလျက်ရှိသည်။

### ပညာရေးနိမ့်ကျမှု

အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ အလယ်တန်းအဆင့်သို့ တက်ရောက်ရန်အခက်အခဲရှိသူ ကလေးများနှင့် ပုံမှန်ကျောင်းများမှ အလယ်တန်းအဆင့်မပြီးမြောက်မီ ကျောင်းထွက်ခဲ့ရသော ကလေးများဘဝကို ပညာသင်ယူမှုအခွင့်အလမ်းများ စဉ်ဆက်မပြတ်ပေးရန် လိုအပ်သည်။ ဤအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ခြင်းအားဖြင့် အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်မည်။ အခြေခံပညာအထက်တန်းအဆင့်သို့တက်ရောက်နိုင်မည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်မည်။ လူငယ်များ၏ ဘဝရှေ့ရေးအတွက် လက်တွေ့ကျကျအထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်ချမှတ်ထားသည့် ဦးတည်ချက် (၉) ရပ်၏ လူမှုရေးပထမအချက်တွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ဟူသည့်အချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်၌ မြန်မာနိုင်ငံ ပညာရေးကဏ္ဍ နိမ့်ကျလျက်ရှိသည့် အခြေအနေကို ပြုပြင်ပြောင်းလဲ၍ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးနိမ့်ကျမှုသည် ပြည်သူများ၏ လူမှုစီးပွားဘဝ နိမ့်ကျမှုကို ဖြစ်ပေါ်စေသည်။

*စာမျက်နှာ ၁၇ သို့*

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လေးပေါက်တန်းရိုးရာခြင်းလုံးပြိုင်ပွဲ အင်းစိန်မြို့နယ်အသင်း တံခွန်စိုက်ဖလားဆွတ်ခူး



**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လေးပေါက်တန်းရိုးရာခြင်းလုံး အမှတ်ပေးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပရာ အင်းစိန်မြို့နယ်အသင်းက သာကေတမြို့နယ်အသင်းကို ၁၂၇၇ ရမှတ်၊ ၁၂၂၂ ရမှတ်ဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်၊ တိုင်းဒေသကြီး ခြင်းလုံး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများချီးမြှင့်ကြသည်။ ပြိုင်ပွဲတွင် အင်းစိန်မြို့နယ်အသင်းက ၁၂၇၇ ရမှတ်ဖြင့် ပထမ၊ သာကေတမြို့နယ်အသင်းက ၁၂၂၂ ရမှတ်ဖြင့် ဒုတိယ၊ မြောက်ဥက္ကလာမြို့နယ်အသင်းက ၁၁၅၅ ရမှတ်ဖြင့် တတိယရရှိသည်။ ဆုရရှိသူများ အမျိုးသား၊ အမျိုးသမီး စွမ်းဆောင်ရည်ဆု၊ မျိုးဆက်သစ် အားကစားသမားဆုရရှိကြသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် ဆုတံဆိပ်များ ချီးမြှင့်ကြသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ရာ မြို့နယ်ပေါင်း ၃၄ မြို့နယ်မှ အားကစားသမား ၃၄၀ ခန့် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံး ချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့၊ ရွာ Clean city၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေး နှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာလှပရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်ပေါက်ပွားမှု မရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၁ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံးဝင်းအတွင်း/ အပြင် သန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တာမွေမြို့နယ်အတွင်းရှိ ဆေးရုံများ သန့်ရှင်းသာယာရေး ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၉**

တာမွေမြို့နယ်အတွင်းရှိ ဗဟိုအဆင့်ဆေးရုံများဖြစ်သည့် မျက်စိအထူးကုဆေးရုံကြီး၊ နား၊ နှာခေါင်း လည်ချောင်းဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးဝင်းများအတွင်း သန့်ရှင်းသာယာသပ်ရပ်စေရေးအတွက် ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ကကြီးကြပ်၍ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အား ၂၈၀ ဖြင့် စနေနေ့အထူး စုပေါင်းလုပ်အားပေး ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးရုံဝင်းများအတွင်းရှိ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

*စာမျက်နှာ ၁၆ မှ*

စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်သည့် လူသားအရင်းအမြစ် နည်းပါးနေခြင်းသည်လည်း ပညာရေးနိမ့်ကျမှုကြောင့် ဖြစ်သည်။

**အဆင့်ဆင့်ဖော်ဆောင်**

ထို့ကြောင့် KG+9 ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ အလယ်တန်းပညာ ပြီးဆုံးပြီးနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများကို ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် ဆက်လက်သင်ကြားနိုင်အောင် ဖန်တီးပေးခဲ့သည်။ မူလတန်းပညာ၊ အလယ်တန်းပညာပြီးမြောက်သူများကို အထက်တန်းပညာ သင်ယူချိန်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးလျက်ရှိသည်။ ထိုမှတစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူများအနေဖြင့် သက်ဆိုင်ရာသိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များတွင် ဆက်လက် ပညာဆည်းပူးနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူလူငယ်များအား ကျွမ်းကျင်သူများ၊ ပညာတတ်များ၊ ပညာရှင်များဖြစ်အောင် ပညာရေးကဏ္ဍတွင် အဆင့်ဆင့် အကောင်အထည်ဖော်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းထွက်ကုန်ပစ္စည်း ပေါများသော နိုင်ငံဖြစ်သည်။ နိုင်ငံရှိအရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရပ်အလိုက် ကျွမ်းကျင်သူများ၊ ပညာရှင်များ မွေးထုတ်ပေးနိုင်အောင် အဆင့်ဆင့်ဆောင်ရွက်ပေးနေသည့် ပညာရေးကဏ္ဍမြှင့်တင်ပေးရခြင်း ရည်ရွယ်ချက်ကို ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်မှုများတွင် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

**ကောင်းမြတ်သောစေတနာ**

မြန်မာနိုင်ငံတွင် အခြေအနေအကြောင်း အမျိုးမျိုးကြောင့် စာတတ်မြောက်မှု၊ ပညာတတ်မြောက်မှုမှာ ကျေးလက်ဒေသများ၊ ဝေးလံသောတိုင်းရင်းသားဒေသများတွင် ပိုမိုနိမ့်ပါးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝများ နိမ့်ကျနေလျက်ရှိပြီး အထူးသဖြင့် တိုင်းရင်းသားဒေသအချို့တွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပညာရေးနှင့် ပိုမိုအလှမ်းဝေးရသည့် အခက်အခဲများရှိနေသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံး စာတတ်မြောက်ရေး၊ ပညာတတ်ရေးသည် အရေးပါသောအချက်ဖြစ်သဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေး၊ ပညာတတ်မြောက်ရေးအတွက် ကောင်းမြတ်သော စေတနာများဖြင့် ဝိုင်းဝန်းဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အစိုးရက နိုင်ငံအတွက် ကောင်းမြတ်သည့် ရည်ရွယ်ချက်၊ ခံယူချက်၊ စေတနာများဖြင့် ဆောင်ရွက်နေသည့် ပညာရေးမြှင့်တင်မှုလုပ်ငန်းတွင် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါက အနာဂတ်ကာလတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာကာ ပေါ်ထွန်းလာသည့် ပညာတတ်များ၊ ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ စွမ်းပကားဖြင့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။ ။

❖ ❖ ❖

# သီးသန့်အနားယူနိုင်မည့် ခရီးသွားစခန်းအသစ်ဖော်ထုတ်နေသည့် ငပလီကမ်းခြေမှ အဘဲရွာ

ယဉ်လာဒ်၊ ဓာတ်ပုံ-ကိုဝေယံ

**ပြည်တွင်းခရီးသွားဧည့်သည်တွေရဲ့ ခရီးသွားပုံစံတွေဟာ ကိုဗစ်ကာလနောက်ပိုင်းမှာ သိသိသာသာကို ပြောင်းလဲလာခဲ့ပါပြီ။ ခရီးသွားပုံစံ အပြောင်းအလဲတွေပေါ် မူတည်ပြီး ရင်းနှီးမြှုပ်နှံတဲ့ ဒေသခံစွန့်ဦးတီထွင်လုပ်ငန်းရှင်တွေလည်း ပေါ်ထွက်လာခဲ့ပြီး အသစ်အသစ်သော ခရီးသွားစခန်း (Camping Site)တွေနဲ့ ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်လာခဲ့ကြပါတယ်။**



❒ **Trekking လည်းမကျတဲ့ Mini Camping ပုံစံမျိုးလေးကို ဖော်ဆောင်တာကတော့ ငပလီမှာ အဘဲရွာက ပထမဆုံးလို့ ပြောလို့ရပါတယ်။ တောင်ပေါ် ရှုခင်းကြည့်သီးသန့်ပုံစံမျိုး ပြုလုပ်ထားတာဖြစ်ပြီး လင့်စင်၊ ဒန်း၊ ဝါးထိုင်ခုံတွေပါ ထည့်သွင်းထားရှိသွားမယ်လို့ ဆိုပါတယ်**

❖ **အေးအေးလူလူ ကော်ဖီသောက်နိုင်တဲ့နေရာလေးတွေ၊ ထင်းရှူးပင်တန်းလေးတွေ၊ ကန်ပတ်လမ်းတွေပါ ပြုလုပ်ထားပြီး ဥယျာဉ်ခြံကလည်း ကျယ်ဝန်းတာမို့ သီးသန့်အေးအေးဆေးဆေး လည်ပတ်နေချင်သူတွေအတွက် ရည်ရွယ်ထားတာ ဖြစ်ပါတယ်**

ပြီးခဲ့တဲ့နှစ်ပိုင်းလောက်ကတည်းက ခရီးသွားဧည့်သည်တွေရဲ့ ခရီးသွားရောက်လည်ပတ်ကြတဲ့ အလေ့အထပုံစံတွေဟာ တော်တော်လေး ပြောင်းလဲလာခဲ့ကြတာဖြစ်ပါတယ်။ လူသူများတဲ့နေရာတွေထက် သဘာဝကို ပိုနှစ်သက်လာပြီး တောတောင်ရေမြေသဘာဝတွေဆီကို ခြေဦးလှည့်လာခဲ့ကြတာ ဖြစ်ပါတယ်။

ခရီးသွားအများစု စိတ်အဝင်စားဆုံးကတော့ Camping Site တွေကို သွားလာလည်ပတ်ကြတာဖြစ်ပြီး မတူညီတဲ့ဒေသနေရာ ရှုခင်းအလှတွေကို မက်မက်မောမော သဘောကျလာခဲ့ကြတာ ဖြစ်ပါတယ်။ ကြယ်တွေကြည့်တဲ့ Camping Site တွေ၊ လကိုကြည့်တဲ့ Camping Site တွေစသဖြင့် Camping Site ဖော်ဆောင်သူတွေဟာ ခရီးသွားတွေရဲ့အကြိုက်ကိုလိုက်ပြီး စီစဉ်လာခဲ့ကြပါတယ်။

**Camping Site အသစ်တစ်ခု**

အဲဒီလို Camping Site အသစ်တွေအနက် နာမည်ကျော် ငပလီကမ်းခြေကနေ နာရီဝက်ကျော်သာသွားရတဲ့ အဘဲရွာမှာ ကိုယ်ပိုင်သီးသန့်ကမ္ဘာတစ်ခုလို နားနေနိုင်မယ့် Camping Site အသစ်တစ်ခုကို ဖော်ဆောင်နေပြီလို့လည်း ဒီ Camping Site ကို ဖော်ဆောင်သူ ဒေသခံ ကိုဝေယံက စာရေးသူကို ပြောပြပါတယ်။

အဘဲ Camping Site ကို အဘဲရေလယ်တံတားကနေ လာရောက်ရင် ၁၅ မိနစ် ဝန်းကျင်လောက်ပဲကြာသလို ငပလီကနေ သုံးဘီးဆိုင်ကယ်၊ ကား သို့မဟုတ် Boat Trip တွေနဲ့လည်း အဘဲရွာကို လာရောက်လည်ပတ်နိုင်ပါတယ်။ အဘဲရွာလေးက အိမ်ခြေ ၅၀ ပတ်ဝန်းကျင်လောက်ရှိပြီး ရခိုင်လူမျိုးအများစု နေထိုင်ကြပါတယ်။ အဓိက အသက်မွေးဝမ်းကျောင်းကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ မိရိုးဖလာ တံငါလုပ်ငန်းတွေကို လုပ်ကိုင်ကြပါတယ်။

**ငပလီမှာ အဘဲရွာက ပထမဆုံး**

Trekking လည်းမကျတဲ့ Mini Camping ပုံစံမျိုးလေးကို ဖော်ဆောင်တာကတော့ ငပလီမှာ အဘဲရွာက ပထမဆုံးလို့ ပြောလို့ရပါတယ်။ တောင်ပေါ် ရှုခင်းကြည့်သီးသန့်ပုံစံမျိုး ပြုလုပ်ထားတာဖြစ်ပြီး လင့်စင်၊ ဒန်း၊ ဝါးထိုင်ခုံတွေပါ ထည့်သွင်းထားရှိသွားမယ်လို့ ကိုဝေယံက ဆိုပါတယ်။

အေးအေးလူလူ ကော်ဖီသောက်နိုင်တဲ့နေရာလေးတွေ၊ ထင်းရှူးပင်တန်းလေးတွေ၊ ကန်ပတ်လမ်းတွေပါ ပြုလုပ်ထားပြီး ဥယျာဉ်ခြံကလည်း ကျယ်ဝန်းတာမို့ သီးသန့်အေးအေးဆေးဆေး လည်ပတ်နေချင်သူတွေအတွက် ရည်ရွယ်ထားတာ ဖြစ်ပါတယ်။

"လက်ရှိမှာတော့ ဆောက်လုပ်နေဆဲတွေဖြစ်ပါတယ်။ သိပ်မကြာခင်မှာ ပြီးစီးတော့မှာပါ။ Private ဆန်ဆန် လည်ပတ်လို့ရမယ့် Trekking လည်း သိပ်မကျတဲ့ Mini Camping ပုံစံမျိုးလေးကို ပြုလုပ်သွားမှာဖြစ်ပါတယ်"လို့ ကိုဝေယံက ဆိုပါတယ်။

ငပလီကမ်းခြေဟာ နာမည်ကျော် ကမ်းခြေတစ်ခုဖြစ်တာမို့ ခရီးသွားဧည့်သည်တွေရဲ့ စိတ်ဝင်စားခြင်းကို ခံရတဲ့ ကမ်းခြေတစ်ခုဖြစ်သလို ငပလီကမ်းခြေဒေသမှာ ရင်းနှီးမြှုပ်နှံထားတဲ့ ဟိုတယ်/တည်းခိုခန်း အလုံးရေ ၅၀ ဝန်းကျင် ရှိနေပါတယ်။

**ထင်ရှားသည့်နေရာများ**

အများစုကတော့ ငပလီရောက်ရင် လှပတဲ့ကျွန်းတွေကို လှေနဲ့သွားရောက်လည်ပတ်တဲ့ Boat Trip ကို အဓိက လည်ပတ်ကြလေ့ရှိပါတယ်။ မိသားစုလိုက် သို့မဟုတ် သူငယ်ချင်းတွေနဲ့ စုပေါင်းသွားလာကြလေ့ရှိပြီး ပင်လယ်ပြင်ရနံ့ကိုရှူရှိုက်ပြီး အနားယူရတာဟာ စိတ်ကို ခွန်အားဖြစ်စေတယ်။ ငပလီကမ်းခြေမှာ ခရီးသွားဧည့်သည်တွေ အများဆုံးသွားရောက်လည်ပတ်ကြတဲ့ နေရာတွေကတော့ Blue Lagoon, ဆာဖာရီကမ်းခြေ (snorkeling place)၊ အဘဲရေပေါ်တံတား၊ ပါရာဒိုက်စ်ကမ်းခြေ၊ တံငါရွာ၊ သဲဖြူကျွန်း၊ ပုလဲကျွန်းနဲ့ မီးပြတိုက်တို့ ဖြစ်ပါတယ်။

ငပလီရဲ့ ကျွန်းခရီးစဉ် လည်ပတ်ဝန်ဆောင်မှု Boat Trip ကိုလည်း လုပ်ဆောင်ပေးနေတဲ့ ကိုဝေယံက ခရီးသွားဧည့်သည်တွေအတွက် ဝန်ဆောင်မှုကို အဓိကထားပြီး လုပ်ဆောင်ပေးနေတယ်လို့ ဆိုပါတယ်။

ရန်ကုန်ကနေ ငပလီကို ကားလမ်း သို့မဟုတ် လေယာဉ်နဲ့ လာရောက်လည်ပတ်နိုင်သလို ရေဝတီတိုင်းဘက်ကနေလည်း သွားရောက်လည်ပတ်နိုင်ပါတယ်။ ရန်ကုန် – ငါးသိုင်းချောင်းလမ်းမှာ လမ်းကြောင်းနှစ်ခုရှိပြီး အများစုကတော့ လမ်းတိုတဲ့ ရန်ကုန်-ပန်းတနော်-ကျုံတနီး – ကျုံပျော် – ရေကြည် – ငါးသိုင်းချောင်းလမ်းကနေ ငပလီကို ကားလမ်းနဲ့ သွားရောက်လည်ပတ်နိုင်ပါတယ်။ အနောက်ရိုးမတောင်တန်းဘက်ကနေ ခရီးသွားရောက် လည်ပတ်ချင်သူများအတွက်လည်း အဆင်ပြေစေနိုင်တဲ့ ရန်ကုန်-ငပလီ တိုက်ရိုက်လမ်းကြောင်းလေးတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေရဲ့ ဦးစားပေးစိတ်ဝင်စားခြင်းကိုခံရတဲ့ ကမ်းခြေတစ်ခုဖြစ်တဲ့ ငပလီကမ်းခြေကို ရောက်ဖြစ်ခဲ့ရင် ငပလီကမ်းခြေဒေသရဲ့ ပထမဆုံး သီးသန့် Camping Site အဖြစ် ဖော်ဆောင်လျက်ရှိတဲ့ အဘဲရွာ Camping Site ကို သွားရောက်လည်ပတ်နိုင်စေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။







အဘဲရွာတွင်ဖော်ဆောင်မည့် Camping Site အတွက် ပြင်ဆင်မှုများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

## မိခင်အမည်မှန်

ဦးအောင်လွင်ဦး၏ သမီးဖြစ်သူ မြိတ်မြို့၊ အထက(၁)Grade-12(သရဖီ)တန်းမှ မရွှေဖြူ၏မိခင်အမည်မှန်မှာ မှတ်ပုံတင် နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်လေးလေးဝါး ၆/မမန(နိုင်)၂၅၅၈၉၆ ဖြစ်ပါကြောင်း။

**ဒေါ်လေးလေးဝါး**

## ဖခင်အမည်မှန်

ပုလောမြို့၊ အထက(၂) Grade-11မှ မသဲအိအိမိုး၏ဖခင် ဦးမျိုးသန့်၏ အမည်မှန်မှာ ဦးမျိုးသန်း ၆/ပလန(နိုင်)၀၂၃၂၀၄ ဖြစ်ပါကြောင်း။

**ဦးမျိုးသန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၉၄၈၅, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးအောင် ၆/သရခ(နိုင်)၀၀၁၀၅၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/57556, Thai Anbo Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးနိုင် ၅/စကန(နိုင်) ၀၀၅၆၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **ရွှေတံငါ**အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0024/09)ရေယာဉ်၏ တန်ချိန် ၃၁.၀၀ အား ဂရန်အမည် ပေါက်ပိုင်ရှင်ဖြစ်သော ဦးခင်ထွန်း ၆/ကသန(နိုင်)၀၃၃၁၄၂ အမည်မှ ဦးစိုးလွင် ၆/ကသန(နိုင်)၀၁၁၇၇၆ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ယိုးဒယားတန်းလမ်း၊ အကွက်အမှတ် (၁၃A)၊ ရွာဘဲအနောက်ကွက်၊ ဦးပိုင်အမှတ်-၄၄ဈ၊ မြေချိန်ရေိယာ (၀.၀၂၅)ဧကရှိ မြို့မြေအကျယ်အဝန်းပေ (၆၀x၁၈)ရေိယာနှင့် ၎င်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ခင်သန္တာအေး(ဘ)ဦးအေးထွန်း ၇/ပမန(နိုင်)၀၉၉၃၁၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းဇော်(ဘ)ဦးတင်အေး ၇/သကန(နိုင်)၀၂၈၆၂၉မှ အပြီးအပိုင် ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ထိုမြေပေါ်ရှိ အဆောက်အအုံတို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (ပိုင်ရေးဆိုင်ခွင့်ရှိသူ)မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးသိန်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြအေးဆင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၅/၂၀၁၇)**
**အမှတ် (၂၃)၊ နေကျော်တန်းလမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့**
**ဖုန်း-၀၉-၄၂၇၀၅၇၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၇)၊ ဦးပိုင်အမှတ် (၁)/၄၈လမ်းနှင့် မနော်ဟရီလမ်းထောင့်ရှိ ဦးတင်ထွဋ် အမည်ပေါက် တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးတင်ထွဋ်(ဇနီး) ဒေါ်ခိုင်ထွန်း(၎င်းတို့၏တစ်ဦးတည်းသောသမီး) ဒေါ်အုန်းရီ(ခင်ပွန်း) ဦးကျော်ရတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သည့် တစ်ဦးတည်းသောမြေး ဦးကျော်ညီညီလင်း ၈/ဆမန(နိုင်)၀၂၂၇၁၇က တောဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်စာချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုန်းတောအကွက်၊ ဦးပိုင်အမှတ်၂၈.စ၊မြေရေိယာ ၀ ဒသမ ၀၃၁ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊အိမ်အမှတ်(၂)ဒေါ်မြစိန်လမ်းနေဒေါ်တင်ထွေးမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်းဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

အမှတ် (၁)၊ မြို့ပတ်လမ်း၊ ဟသ်ာရင်ခွင်ခေတ်မီကစားကွင်း၊ ဟသ်ာတမြို့နေ ဦးကောင်းမြတ်ချစ်မှ (1) Leo (2) Icon (3) Insign အမည် (3)မျိုးအနက်မှ သင့်လျော်သောအမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးကောင်းမြတ်ချစ်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသောအမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက်ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်ချစ်**
**(၁၄/ဟသတ(နိုင်)၂၈၉၃၆၆)**
**အမှတ် (၁)၊ မြို့ပတ်လမ်း၊ ဟသ်ာရင်ခွင်ခေတ်မီကစားကွင်း၊**
**ဟသ်ာတမြို့၊ ဖုန်း-၀၉-၆၆၆၄၃၂၆၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ ရန်ကင်းရပ်၊ အကွက်အမှတ်(၁၆၄၇)၊ အလယ်ရပ်၊ မြတ်လေးလမ်းနှင့် (၁)လမ်းရှိ အမှတ်(ဘီ-၇၇)၊ အလျား ၈၀ပေ Xအနံ ၆၅ပေ၊ ဧရိယာ ၀ဒသမ၁၁၃ ဧကရှိ ဒု-ဗိုလ်မှူးကြီး ဘိုချို ဂရန်အမည်ပေါက် မြေကွက်အား ယခုလက်ရှိ ပိုင်ဆိုင်သူ ဦးဝမ်းတင် ၈/ မကန(နိုင်)၁၅၃၄၁၅ နှင့် ဒေါ်ခင်မိုးမိုးနိုင် ၈/မကန(နိုင်)၁၄၀၄၁၁တို့ထံမှ အိမ်အမှတ် ၇၀၊ အထက(၁)လမ်း၊ ရန်အောင်ရပ်နေ ဦးနိုင်ဦး ၈/မကန(နိုင်)၀၀၀၂၉၀ -ဒေါ်ချိုချိုလွင် ၈/မကန(နိုင်)၁၅၉၉၇၂ တို့မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့် ကျွန်တော်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဦး-ဒေါ်ချိုချိုလွင်**
**ဖုန်း-၀၉-၉၆၀၁၀၁၆၁၀၊ ၀၉-၂၅၉၄၄၀၉၃၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ် (၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/ပေဖူးရပ်)၊ ဦးပိုင်အမှတ် (၁၉-ခ)၊ မြေရေိယာ (၀.၁၃၃)ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးကျော်မင်း (ဘ)ဦးစိန်ဝင်း ၉/လဝန(နိုင်)၀၀၀၀၁၈မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/ပေဖူးရပ်)၊ ဦးပိုင်အမှတ် ၄၄၊ မြေရေိယာ ၀ဒသမ၁၃၃ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးကျော်မင်း(ဘ)ဦးစိန်ဝင်း ၉/လဝန(နိုင်)၀၀၀၀၁၈ မှ အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက် မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ နယ်မြေ(၁၂)၊ ဘုရားဖြူရပ်ကွက်၊ သီရိရတနာလမ်းသွယ် (ရောင်ခြည်လမ်း)ရှိ မြေအကျယ် (၆၅'x၆၅')အား (အရှေ့ဘက်သို့လားသော် ဦးချမ်းသာခြံ၊ တောင်ဘက်သို့လားသော် ၁၂ပေလမ်း၊ အနောက်ဘက်သို့လားသော် မစိန်ခြံ၊ မြောက်ဘက်သို့လားသော် သန်းငွေခြံ) ဒေါ်နန်းခမ်းဖြူ ၁၃/တကန(နိုင်)၀၂၃၄၇၃မှ ပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းဖြူ ၁၃/တကန(နိုင်)၀၂၃၄၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 54W/33281, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7807, Mitsubishi Fuso FS54JUY, Truck (8x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းယု ၁၀/ကထန (နိုင်) ၀၆၄၄၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေ ကွက်အမှတ် ၁၀၉၃၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးခင်အောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၄/၂၀၂၀ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကိုကိုဦး ၁၂/ဥကမ(နိုင်)၁၆၀၁၄၉မှ နှစ်(၃၀)မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးဆက်ပိုင်မှူး ၇/ညလပ(နိုင်)၁၃၈၄၉၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေကွက်အမှတ် (ပ-၂၁၉၁၁)ကို အမည်ပေါက် ဦးစိန်ဝင်းမြင့် (ဘ) ဦးစွမ်းရှိန် ၁၂/ရကန(နိုင်)၀၁၃၁၀၃(တရားရှုံး)ကိုယ်စား ဇေယျာသီရိခရိုင်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဇင်သန့်(ဘီလစ်) (ဘ)ဦးမြင့်ဇော် ၉/ကဆန(နိုင်)၁၁၅၈၇၆မှ ဒေါ်ခင်ခင်သက် (ဘ)ဦးသက်ဝင်း ၁၂/ဥကမ(နိုင်) ၀၆၆၂၅၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ ဒက္ခိဏခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၇၉/၂၀၂၂၊ ဇေယျာသီရိခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ် ၄၀/၂၀၂၂တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ သတ္တဒေဝလမ်းနေ (ဘ)ဦးအောင်ပါစေ (ခ)စောကြီး၏သား မောင်မင်းဇော်ဦး ၁၀/သထန(နိုင်)၂၆၃၄၄၀၏ နိုင်ငံကူးလက်မှတ်အမှတ် ME-955393သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၀၄၉၆၈၆၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/7186 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/4656 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၉)လမ်း၊ တိုက် (၆၂၅)၊ အခန်း၊ မြေညီထပ်(B)ခြမ်း၊ အကျယ် (၁၂½'x၅၀')အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းအေး ၁၂/ဒဂတ(နိုင်)၀၁၈၉၁၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးဝေယံ ၁၂/တတန(နိုင်)၀၅၉၉၁၈၊ ဒေါ်သဲဇာခြည်ဖွေး ၁၂/တကန(နိုင်)၁၇၃၃၇၄တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ Block(1),Basement(၁)ထပ်+RC(၃၄)ထပ်(Lift ပါ)အဆောက်အအုံ၏ အခန်းအမှတ်(၁၁-၀၂)၊(၁-လွှာ)၊ဧရိယာ ၁၇၃၇.၄ စတုရန်းပေရှိ Golden City Condoတိုက်ခန်းနှင့် ၎င်းကွန်ဒို တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည် ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဦးရွှေမောင် ၁၁/စတန(နိုင်)၀၁၄၇၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်ဆွေဝင်း(၁၂/ကတတ(နိုင်)၀၂၄၄၀၂)က အပြီးအပြတ်ဝယ်ယူရန် အတွက်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဖြိုးအောင် (LL.B)WIPO(Switzerland)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City ၊သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဥ-၅၄၁၂ စီ)၊ ဒုတိယဗိုလ်မှူးကြီးသက်အောင် (ဘ) ဦးကျော် ၈/မကန(နိုင်)၀၂၂၁၄၂ အမည်ပေါက်ပါမစ် မြေကွက်၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက်၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးလှထွန်း (ဘ)ဦးပန်းညို ၁၃/ကမန(နိုင်)၀၂၉၀၆၇မှ အထွေထွေကိုယ်စားလှယ်လွှဲစာမိတ္တူ၊ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာ(ယာယီ) ချထားပေးသည့်လက်မှတ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၅၄၁၂ဘီ)၊ ဒေါ်ဇာဖြူအိ(ဘ)ဦးတင်ထွန်း ၉/ မထလ(နိုင်)၂၃၀၂၂၅ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက်၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးလှထွန်း (ဘ)ဦးပန်းညို ၁၃/ကမန(နိုင်)၀၂၉၀၆၇ မှ အထွေထွေကိုယ်စားလှယ်လွှဲစာမိတ္တူ၊ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေ ပေးသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု စာရင်းမိတ္တူ၊ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီမြေကွက်နေရာ(ယာယီ)ချထားပေး သည့်လက်မှတ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၊ အထက (၁) Grade (10) မှ မောင်နေလင်းအောင် ကျောင်းဝင်အမှတ် (၅၅၇၆)နှင့် Grade (12)မှ မောင်သက်နေထွန်း ကျောင်းဝင်အမှတ်(၅၅၂၀)တို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၉/ကဆန (နိုင်) ၁၂၈၄၆၇ ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း**

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ရှင်ဗွေယန်မြို့၊ အထက ကျောင်း Grade-12 မှ မောင်နေနိုင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၁-၂၀၀၅ ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးစောအောင်သူရဖိုး ၁၂/အလန(နိုင်) ၀၂၁၀၃၆ ဖြစ်ပါကြောင်း။

**ဦးစောအောင်သူရဖိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနိုင်းမြို့၊ ပုန်ခုန်းကောင်းရပ်ကွက်မှ မနူးနူးဂျာ ၁/တနန (နိုင်)၀၂၅၆၄၃နှင့် မနန်နူးဂျာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနူးနူးဂျာ(ခ)မနန်နူးဂျာ**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမှတ် (၄) ထိန်ကန်ရပ်ကွက်နေ ဒေါ်ရွှေဇင်ထွန်း ၉/သစန(နိုင်) ၁၁၉၂၅၁၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၆-၁၉၈၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သရက်တန်ကျေးရွာနေ ကိုမျိုးကျော်(ဘ)ဦးကျော်မြင့် ၈/မမန(နိုင်) ၂၈၈၉၀၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD-567033 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၅၇၉၄၄**

## အမည်ပြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ကန်သာယာကျေးရွာနေ (ဘ) ဦးလွင်ဦးမောင်၏သမီး၊ ကံသာယာ အလက KG တန်းမှ မမေဖူးခိုင်(ခ)မမျိုးယုသွယ်အား မမျိုးယုသွယ်ဟု ပြောင်းလဲခေါ်ပါရန်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးမောင်မောင်၊ ဒေါ်ငြိမ်းလှ တို့၏ သမီး၊ နီလာဝင်း ၁၂/သဃက(နိုင်)၀၃၇၈၆၃ သည် မိဘများ၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ မိမိ ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။**

**ဦးမောင်မောင်**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂၂)၊ မြေကွက်အမှတ် ၅၂၇၊ မြေအမျိုးအစား (ပါမစ်မြေအမျိုးအစား)၊ မြေအကျယ်အဝန်း(အလျားပေ၄၀ X အနံပေ၆၀)(၂၄၀၀) စတုရန်းပေရှိသည့် ဦးစန်းမောင် (U/RGN-၀၀၃၂၄၁) ၁၂/အစန(နိုင်)၁၀၂၀၄၀ အမည်ဖြင့် ချထားပေးသော မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ဦးစန်းမောင်ထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်များဖြင့် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူဟု အဆိုပြုသူဦးဇော်မိုးအောင် ၁၂/သလန (နိုင်)၀၀၀၀၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၇-၉-၂၀၂၃ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆို၍ ရောင်းဖိုးငွေများအား အပြေအကျေ ပေးချေကာ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သောမြေကွက်အား (နေသူမဲ့)လက်ရောက်ရရှိပြီး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဖူး(LL.B, LL.M)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၃၃/၂၀၁၉)**
**အမှတ် ၁၀၈၅၊ ထူပါရုံ၃လမ်း(အနောက်)၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၃၅၃၇၀၇၈၊ ၀၉-၄၂၀၂၆၉၀၅**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထက်ကောင်းသူ ၁၂/ဒဂရ(နိုင်)၀၂၁၄၀၂ ၏တရားဝင်လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ဒေါ်ခိုင်ဆုသွယ် ၁၂/ဒဂရ(နိုင်)၀၃၄၁၅၈ တို့ နှစ်ဦးသည် ၂၀၁၇ ခုနှစ်ခန့်တွင် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် လွန်ခဲ့သော ၅လခန့်က စီးပွားရှာရန်အတွက် နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ ဒေါ်ခိုင်ဆုသွယ်သည် ၂၀၂၃ ခုနှစ်ဇွန်လမှ စတင်၍ လူမှုရေး အရှုပ်အရှင်းများ ပြုလုပ်လျက်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေဖြစ်သူထံတွင်ရှိနေသော အထောက်အထားများအရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် ဒေါ်ခိုင်ဆုသွယ်တို့သည် လင်ခန်းမယားခန်း ပြတ်စဲသွားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးအောင်ကျော်မြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၁၈၃)**
**အမှတ် ၄၇၈၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်နယ်မြေ(၁၃)၊ အေးသာယာရပ်ကွက်၊ ဗဟို (၂၈)လမ်း၊ အမှတ်(L-400)နေ ဒေါ်ခင်မေ ၁၂/သကတ(နိုင်) ၁၇၇၀၀၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မေ၏ မိဘများမှာ ဦးစိန်ခိုင်-ဒေါ်မေဖြူတို့ ဖြစ်ကြပါသည်။ ဖခင်ဦးစိန်ခိုင်-မိခင် ဒေါ်မေဖြူ တို့မှ သားသမီး(၅)ဦးထွန်းကားခဲ့ပြီး ၎င်းတို့မှာ ဒေါ်ခင်မေ၊ ဦးကျော်ဝင်း၊ ဦးထွန်းဝင်း၊ ဦးသန်းထွန်းဝင်း၊ ဒေါ်မေမေသန်းတို့ ဖြစ်ကြပါသည်။ ဖခင်ဦးစိန်ခိုင်သည် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်က ကွယ်လွန်ခဲ့ပြီးနောက် မိခင်ဒေါ်မေဖြူမှာ ၁၅-၁၂-၂၀၀၈ ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ထိုသို့ ကွယ်လွန်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄/မြောက်)၊ မြေကွက်အမှတ်(၉၂၁/က)၊ (အလျား ၂၀ပေ X အနံ ၆၀ပေ)ရှိ ဦးသောင်းကို အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် အိမ်မှာ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရှိခဲ့ပါသည်။ အဆိုပါအမွေဆိုင်ပစ္စည်းဖြစ်သော အိမ်မြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏ မိတ်ဆွေသိရှိသဘောတူခြင်းမရှိဘဲ လွှဲပြောင်းရောင်းဝယ်ခြင်း မပြုလုပ်ရန် ကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေသိရှိသဘောတူညီမှုမရှိဘဲ အရောင်းအဝယ် ပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်မေ** | **ဦးကျော်မင်းဦး (LL.B)** |
| **၁၂/သကတ(နိုင်)၁၇၇၀၀၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၇၀)** |
| | **ဖုန်း-၀၉-၄၂၀၁၈၀၃၀၂** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သီဂီအေး ၁၂/စခန(နိုင်)၀၅၀၅၇၃၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

သာကေတမြို့နယ်၊ ကျူးကျော်ရှင်းလင်းရေးကြီးကြပ်မှုအဖွဲ့မှ ခွင့်ပြုချထားပေးသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ်-၁၀၇/၈၀၄ (က)၊ ဦးစံမြင့် (၁၂/သကတ(နိုင်)၀၀၅၂၂၈) အမည်ပေါက်သည့် အကျယ်(ပေ ၂၀x၆၀)ရှိသည့်အနက်မှ မြေကွက်အမှတ်-၈၀၄(ခ)နှင့် ကပ်လျက်ရှိသည့်ဘက်အခြမ်း အကျယ်(၁၀ပေxပေ၆၀) မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဦးခိုင်လင်း ၁၀/ရမန(နိုင်)၀၃၆၂၈၇က အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာကြောင်းနှင့် ၎င်းတစ်ဦးတည်းသာ လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်မှု အရှုပ်အရှင်းနှင့် အခြား မည်သည့်အရှုပ်အရှင်းမဆို ကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံပြီး ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရား ဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **(စဉ်-၄၁၇၀၃/၂၀၁၃)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်တင်ဇာမျိုး (LL.B)** |
| | **(စဉ်-၄၅၂၆၅/၂၀၁၄)** |
| | **ဒေါ်လှဲ့လှဲ့ဝင်းထူး** |
| | **(LL.B) (စဉ်-၄၉၉၀၄/၂၀၁၈)** |
| | **(အထက်တန်းရှေ့နေများ)** |

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် (C-၆)၊ ဦးပိုင်အမှတ် (၁၄၆.က)၊ ၁၁၀ လမ်း၊ ၆၂x၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်မျိုးအောင်၏ (SP ရသူ ဒေါ်မေသကြီန်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၃၈၆/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကိုကိုဦး ၉/မရတ(နိုင်)၁၁၅၂၃၉၊ ဦးဝင်းမင်းအောင် ၉/မရမ (နိုင်)၀၇၉၈၃၅တို့က အမှုတွဲအမှတ် ၄၀၆၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၅)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၄)၊ ပန်းဘဲတန်းအကွက်၊ ဦးပိုင်အမှတ် ၁၆၅/ဃ၊ ဧရိယာ ၀ဒသမ၂၁၀ ဧက၊ဦးပိုင် ၁၆၅/င၊ ဧရိယာ ၀ဒသမ၀၃၄ဧကနှင့် ဦးပိုင် ၁၆၅/စ၊ ဧရိယာ ၀ဒသမ၀၀၅ဧကရှိ ဦးညွန့်လှိုင် -ဒေါ်တင်တင်ချို အမည်ပေါက် အရှေ့-ဦးပိုင်(၁၆၆)၊ အနောက်-ဦးပိုင်(၁၆၅/ခ+၁၆၅/ဆ+၁၆၄)၊ တောင်-ဗိုလ်မှူးဖိုးကွန်းလမ်း၊မြောက်-ဦးပိုင်(၁၃၆)အတွင်းရှိ ဘိုးဘပိုင်ခြံမြေကွက်ကို ဒေါ်တင်တင်ချိုမှ အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၇-၉-၂၀၂၃ ရက်မှ ၇-၁၀-၂၀၂၃ရက်အတွင်း ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှု မရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၆/၄၊ ပြည်သာယာလမ်းမကြီး၊ အမှတ်-၆၆၀၊ အကျယ်အဝန်း (အလျားပေ ၄၀xအနံပေ ၆၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် ၈ ထပ်တိုက် အဆောက်အအုံမှ အခန်းအမှတ် (7A) အကျယ်အဝန်း(အလျား ၁၆ပေ ၆လက်မxအနံ ၅၃ပေ) ကျယ်ဝန်းသည့်တိုက်ခန်းအား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြုသူ ဦးမင်းကျော်သူ(ဘ) ဦးတင်ငြိမ်း ၇/သကန(နိုင်)၀၈၃၃၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)**
**အမှတ်-၁၁၆/လ၊ ကျန်စစ်သားလမ်းသွယ်၊ (၂၀)ရပ်ကွက်၊**
**ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်-၆၂၆၊ ရတနာပုံလမ်း၊ အကျယ်အဝန်း ပေ (၄၀x၆၀)ရှိ ဒေါ်ခင်အေးမြင့် အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်သီတာဝင်း ၁၂/ဥကမ(နိုင်)၁၇၀၈၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ် (၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ တိုက်အမှတ် (၁၇)၊ ပထမထပ်(ဘီ)၊ (ခြေရင်းခန်း)၊ (တိုက်မျက်နှာမူလျှင်-ဘယ်) (၁၂ပေခွဲx၅၀)ပေအကျယ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ထွေးထွေးဝေ ၇/ဒဥန (နိုင်)၀၅၁၅၇၃)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးသီဟကိုကို ၁၂/ဥကတ(နိုင်)၁၉၀၁၇၄၊ ဦးကျော်ဇေယျာဝင်း (၆/မမန(နိုင်)၀၃၄၃၆၃)တို့ကလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ပန်းမွေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၁၆၃၉၇/၂၀၁၉)** |

**တိုက် (၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ဇေယျာသီရိခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅

**ကွယ်လွန်သူ ဦးမြစစ်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်အုပ်စု၊ ထိန်ပင်ကျေးရွာ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြစစ်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းစာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရင်မေက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (၁၃၈၅ ခုနှစ်၊တော်သလင်းလဆန်း ၁၄ရက်) ၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင် ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၃ခုနှစ်၊ စက်တင် ဘာလ၂၈ ရက်(၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၁၄ရက်)၌ မိမိကိုယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ရင်မေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးကျော်အောင်)**
**ခရိုင်တရားသူကြီး**
**ဇေယျာသီရိခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/3189 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/3089, TOYOTA HILUX SURF KZN 185, STATION WAGON (4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူဝင်း ၁၂/သခန(နိုင်)၁၁၅၀၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/1718,Mitsubishi Rosa BE 438 E/mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညွန့် ၁၂/သကတ(နိုင်)၀၉၇၁၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/2363, KA BA KYAW P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းသူ ၁၂/ဥကတ(နိုင်)၁၄၂၆၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/5697, HYUNDAI COUNTY Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညွန့် ၁၂/သကတ(နိုင်)၀၉၇၁၅၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/3801, FOR LAND D/T ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းသာ ၁၂/ခရန(နိုင်)၀၉၉၆၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/99091 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ရွှေ ၁၂/အစန(နိုင်) ၁၄၀၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

